# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 April 2023 ၁၁၀၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သံလွင်မြစ်ကူး (ကွမ်းလုံ)တံတားသစ်တည်ဆောက်ရေးလုပ်ငန်းများ ဇွန်လ၌ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမည်


သံလွင်မြစ်ကူး (ကွမ်းလုံ)တံတားသစ်တည်ဆောက်နေမှုကို တွေ့ရစဉ်။

လားရှိုး ဧပြီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Broad Vision Consultants ကုမ္ပဏီနှင့် China Yunnan Sunny Road & Bridge Construction ကုမ္ပဏီလီမိတက်တို့က တည်ဆောက်လျက်ရှိသော သံလွင်မြစ်ကူး (ကွမ်းလုံ)တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ လာမည့်ဇွန်လတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံဖြစ်ပြီး လားရှိုး-သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီး တစ်ခုဖြစ်သည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် နယ်စပ်ဒေသများနှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ် မြောက်ပိုင်းမှတစ်ဆင့် အခြားဒေသများကိုပါ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၈

| | | |
|---|---|---|
| ကလေးဝ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ကလေး | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တမူး | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မင်းကင်း | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မုံရွာ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပခုက္ကူ | ၄၃ | ဒီဂရီစင်တီဂရိတ် |


ယနေ့ ဖတ်စရာ

ကျောင်းဆရာဆိုတာ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များပါ
ဆောင်းပါး စာမျက်နှာ » ၆


EV ပေါ်လစီမှသည် ပြည်သူ့အကျိုးစီးပွားဆီ
ဆောင်းပါး စာမျက်နှာ » ၁၁

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၅ / ၂၀၂၃)
စာမျက်နှာ » ၄

အိန္ဒိယနှင့် ရုရှားတို့က စီးပွားရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲစတင်



စာမျက်နှာ » ၁၃

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ ရည်မှန်းချက်ပန်းတိုင်တက်လှမ်း

မြန်မာပြည်ဖွား တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် အမိမြန်မာနိုင်ငံတော်၏ မြေပေါ်တွင် နှစ်ပေါင်းထောင်ချီ အတူတကွ နေထိုင်ကြီးပြင်းလာခဲ့ကြသူများ ဖြစ်သည်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ပေါင်းသင်းဆက်ဆံမှုတို့တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမှီသဟဲပြု၍ အကျိုးစီးပွားဖြစ်ထွန်းအောင် စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ပြည်ထောင်စုဖွားအားလုံးတို့သည် တရားတော်အရ အဆွေခင်ပွန်းများဖြစ်ကြသည်။

အကျိုးစီးပွားဖြစ်ထွန်းမည့်ကိစ္စများ၊ ဖြေရှင်းရမည့်ကိစ္စများ ပေါ်ပေါက်သည့်အခါ၌ အဆွေခင်ပွန်းများဖြစ်ကြ၍ ပူးပေါင်းညှိနှိုင်း လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ရာသီဥတု၊ သဘာဝဘေးဒဏ်၊ ပြည်ပ သူစိမ်းတစ်ရံဆံများ ကျူးကျော်ဝင်ရောက်သည့်အန္တရာယ်စသော ထူးခြားသည့်ဖြစ်ရပ်များ၊ အရေးကိစ္စများပေါ်ပေါက်သော အခါ၌ ကိုယ့်အစုအဖွဲ့နှင့် ကိုယ်ချည်း ဖြေရှင်း၍မရ၊ နှစ်ပေါင်းများစွာ အတူတကွ နေထိုင်လာခဲ့ကြသည့် အဆွေခင်ပွန်းများအချင်းချင်း ပေါင်းစည်းညီညွတ်စွာဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဖြေရှင်းခဲ့ကြသည်။ ကာကွယ်ခဲ့ကြသည်။ တည်ဆောက်ခဲ့ကြသည်။ အရေးကြီးလျှင် သွေးစည်းနိုင်ခဲ့ကြသည်။

မိမိတို့အကျိုးစီးပွားများကို အခြေခံ၍ မိမိတို့အားလုံးနေထိုင်သည့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်မည်ဟူသော စိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်တစ်ခုတည်းအောက်တွင်ရှိသည့် နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသတွင်မဆို နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တစည်းတလုံးတည်းရှိလိုသော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်ခုတည်းသော အမိမြေ၊ အဖနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုး တန်ဖိုးထားပြီး အေးချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းကာကွယ်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ခြင်းဖြစ်သည်။

"မိသားစုတစ်ခုရဲ့အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ် မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံတိုးတက်မှု အရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်" ဟု မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည် ကုန်လွန်ခဲ့သော နှစ်ကာလများအတွင်း စိန်ခေါ်မှုပေါင်းများစွာတို့ကို ကြုံတွေ့ခံစားခဲ့ကြရသည်။ အဆိုပါ စိန်ခေါ်မှုများစွာတို့ကို "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် ခံယူချက်အတိုင်း ပြည်ထောင်စုသားအားလုံး တစ်ဦးနှင့်တစ်ဦး အားပေးကူညီရိုင်းပင်းပြီး ကျော်လွှားနိုင်ခဲ့သည်။ အခက်အခဲများကို ကြံ့ကြံ့ခံပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဤသို့ဖြတ်သန်းနိုင်ခဲ့ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ် အခြေခံရှိနေခြင်းကြောင့်ဖြစ်သည်။

မည်သည့်အရေးကိစ္စ ပေါ်ပေါက်လာလျှင်မဆို ပြည်ထောင်စုသားအားလုံးတို့၏ စည်းလုံးညီညွတ်မှုသည် အရေးအကြီးဆုံးဖြစ်သည်။ ပြည်ထောင်စုသားများ၏ စည်းလုံးညီညွတ်မှုအားသည် ပဓာနအကျဆုံးဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း အေးချမ်းသာယာစွာဖြင့် အခွန့်ရှည်ကြာအောင် နေထိုင်ခဲ့ကြပြီးဖြစ်သည်။ ဖြစ်ပေါ်လာသမျှအရေးကိစ္စအားလုံးကို လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားများ ကောင်းကျိုးအဖြာဖြာ ဖြစ်ထွန်းလာစေရန်အတွက် ပြည်ထောင်စုသားများ၏ ဦးဆောင်မှု၊ လိုက်နာဆောင်ရွက်မှု၊ ပြုပြင်ဖန်တီးမှုများသည် အဓိကကျသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ကျရာအခန်းကဏ္ဍမှ မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို စိတ်ပါလက်ပါ ချစ်ခင်လေးစားစွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဆိုလျှင် အားလုံးမျှော်မှန်းထားသည့် ပန်းတိုင်သို့ရောက်ရှိမည်မှာ ဧကန်ဖြစ်သည်။

တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းရာတွင် တိုင်းပြည်ငြိမ်းချမ်းသာယာရေးသည် မဖြစ်မနေ အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။ တိုင်းပြည် မတည်ငြိမ် မငြိမ်းချမ်းသရွေ့ တိုးတက်မှုများ နှောင့်နှေးပြီး မျှော်မှန်းထားသည့် ပန်းတိုင်နှင့် အလှမ်းဝေးနေမည်ဖြစ်သည်။ သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် ဒီမိုကရေစီပန်းတိုင်သို့ မနှေးအမြန်ရောက်ရှိနိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် စည်းလုံးညီညွတ်မှုဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မိုးညိုမြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

မိုးညို မေ ၁၈

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲများ ယမန်နေ့တွင် ကျင်းပခဲ့သည်။

**လှူဒါန်းဂါရဝပြု**

မြန်မာ့ရိုးရာ အစဉ်အလာမပျက် နှစ်ဆန်း တစ်ရက်နေ့တွင် အလှူဒါန ကောင်းမှုကုသိုလ်များ ပြုလုပ်လျက်ရှိရာ မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဗိုလ်တေဇလမ်း တနင်္လာသာသနာ့ဗိမာန်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ရပ်ကွက်နေ အလှူရှင်များ စုပေါင်း၍ သက်ကြီးအဘိုး ၂၂ ဦး၊ အဘွား ၂၈ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း



လှူဒါန်းဂါရဝပြုခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ကျေးရွာနေပြည်သူများက ညောင်ဝိုင်းကျေးရွာအုပ်စုရှိ မြစ်မခမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကို ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

## လက်ပံတန်းမြို့၌ အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

လက်ပံတန်း မေ ၁၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက်ရှိ စိန်သီဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျန်းမာရေးစစ်ဆေး ကုသမှုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**စစ်ဆေးကုသပေး**

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်၍ လက်ထောက်ဆရာဝန် ဒေါက်တာထင်ဇော်နှင့် ကျန်းမာရေးဆရာမများက စိန်သီဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၂၁ ဦးကို ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် အထွေထွေရောဂါများ စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အောင်ဆင့်



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈ - ၄ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၈၀၀ | ၇,၈၀၀ | ၁၁၂ | ၈၇၃,၆၀၀ |
| MTSH | ၃,၀၀၀ | ၂,၉၀၀ | ၄၅၀ | ၁,၃၃၃,၄၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၁၂၈ | ၈၈၃,၂၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၆,၄၇၁ | ၉,၃၈၄,၄၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၀၅ | ၂၅၇,၂၅၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၃၀၃.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၅.၃၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၂၂၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၆၁ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၉၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၄.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၆.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ကန်တော်ကြီး-မန္တလေး)၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအား ငွေပဒေသာပင် စိုက်ထူလှူဒါန်း





**နေပြည်တော် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး-မန္တလေး)၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအား ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ပြုလုပ်ရာ ချမ်းအေးသာစံမြို့နယ် မိုးကောင်းကျောင်းတိုက်၊ ရတနာသိင်္ဂီဒိုက်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ရတနာသိင်္ဂီဒိုက်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ကန်တော်ကြီး-မန္တလေး)အတွက် ငွေပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ရတနာသိင်္ဂီ ဒိုက်ဦးကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်ကြီးများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး မန်းတောင်ရိပ် အထွေထွေရောဂါကုသဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံသို့သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများအား မေးမြန်းလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆရာတော်ကြီးအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး မေ ၁၈**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာတော်နှစ် ၂၅၆၆ နှစ်ပြည့်ပြီး ၂၅၆၇ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်သံဃာတော် ၁၀၂၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ယခင်နှစ်ကကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ်မူတည်၍ ယခုနှစ်တွင် ပိုမိုပြည့်စုံအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းများအပေါ် စေတနာထားပြီး လစ်ဟာမှုမရှိစေရေး အချင်းချင်းချိတ်ဆက် ပူးပေါင်းကာ ဟန်ချက်ညီစွာဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အလှူခံသံဃာတော်များနှင့် အလှူရှင်များ အဆင်ပြေစိတ်ချမ်းမြေ့စေရေး အလေးအနက်ထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုလုပ်ငန်းအစီအမံများကို အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**လောင်းလှူသွားမည်**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် (၂၅၆၇)အထိမ်းအမှတ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၃ ရက် နံနက်ပိုင်းတွင် ကျုံးအရှေ့ဘက်(အရှေ့ပြင်) ၆၆ လမ်းအတိုင်း သံဃာတော် ၂၅၆၇ ပါး၊ ကျုံးတောင်ဘက်(တောင်ပြင်) ၂၆ လမ်းအတိုင်း သံဃာတော် ၂၅၆၇ ပါး၊ ကျုံးနောက်ဘက်(နောက်ပြင်) လမ်း ၈၀ အတိုင်း သံဃာတော် ၂၅၆၇ ပါး၊ ကျုံးမြောက်ဘက်(မြောက်ပြင်) ၁၂ လမ်းအတိုင်း သံဃာတော် ၂၅၆၇ ပါး စုစုပေါင်း သံဃာတော် ၁၀၂၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူသွားမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်လောင်းလှူနိုင်ရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုပုံးမြို့နယ် ပါပန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ဟိုပုံး မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ အဌမအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လုံခုတ်ကျေးရွာအုပ်စု ပါပန့်ကျေးရွာ၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က ထုတ်ချေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသား အသင်းသူ ၁၁၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၆၀ အား တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## သတင်းထုတ်ပြန်ချက် (၅ /၂၀၂၃)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂၈/၂၀၂၃) ဖြင့် အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၃၀၁၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂၉/၂၀၂၃) ဖြင့် နိုင်ငံခြားသား အကျဉ်းသား/ သူ ၉၈ ဦးတို့အား လည်းကောင်း၊ အမိန့်အမှတ် (၃၀/၂၀၂၃) ဖြင့် သီရိလင်္ကာနိုင်ငံသား ၅ ဦးကို လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ ဤဆောင်ရွက်မှုသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကျိုးဆက်အဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြသဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာမိသားစုဝင်များနှင့်ထပ်တူ လွန်စွာဝမ်းမြောက်ပီတိဖြစ်ရပါသည်။

၄။ အလားတူ အပြုသဘောဆောင်သော ခြေလှမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းရန် ကျန်ရှိသည့် ဆရာတော်ကြီးနှင့် အမျိုးသမီးတစ်ဦးအား ဘွဲ့တံဆိပ်အဆောင်အယောင်များ ပေးအပ်



ရန်ကုန် ဧပြီ ၁၈

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းရန် ကျန်ရှိသည့် ပြည်တွင်းဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှင့် လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးတို့အား ဘွဲ့တံဆိပ်အဆောင်အယောင်များကို ယနေ့ မွန်းလွဲပိုင်းက ဆက်ကပ်ချီးမြှင့်အပ်နှင်းကြသည်။

နိုင်ငံတော်အဆင့် နေပြည်တော်တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားသို့ အကြောင်းအားလျော်စွာ ကြွရောက်နိုင်ခြင်းမရှိသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသာသနဝရ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဆရာတော်ကြီး သီတင်းသုံးရာ ဒဂုံမြို့နယ် စိန်ရတနာဓမ္မာစရိယစာသင်တိုက်သို့ သွားရောက်၍ ဆရာတော်ကြီးထံ လက်ရောက်ဆက်ကပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် သီရိသုဓမ္မသီင်္ဂီ ဘွဲ့တံဆိပ်ရရှိသည့် သန်လျင်မြို့နယ် မြို့ဟောင်း အနောက်ရပ်ကွက် ကျောက်စိမ်းရတနာ (၂)လမ်း သန်လျင်ရတနာအိမ်ရာ အမှတ် (၁၅၉/၁၆၀) တွင် နေထိုင်သည့် ဒေါ်သင်းသင်းလှိုင်အား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် သီရိသုဓမ္မသီင်္ဂီဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များအား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျောင်းသား၊ ကျောင်းသူများ၏ နွေရာသီကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာ အသုံးချနိုင်ရန် တိုင်းစစ်ဌာနချုပ်အသီးသီး၌ နွေရာသီသင်တန်းများ ဖွင့်လှစ်



နေပြည်တော် ဧပြီ ၁၈

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အသိပညာ၊ အတတ်ပညာ ဗဟုသုတများတိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်များ၊ တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များရှိ တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် မြန်မာ့သိုင်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲကို လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများဖွင့်ပွဲကို လည်းကောင်း ပြုလုပ်ကြသည်။

သင်တန်းဖွင့်ပွဲများသို့ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲများတွင် တိုင်းမှူးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌လည်း တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လွိုင်လင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

လွိုင်လင် ဧပြီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ချိုခမ်းကျေးရွာနှင့် ကွန်လောင်းကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် တာဝန်ရှိသူများသည် ချိုခမ်းကျေးရွာနှင့် ကွမ်းလောင်ကျေးရွာတို့တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် အသင်းသူ/သား ၅၉ ဦးမှ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ၂၂၂



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက်တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နားနေဆောင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက MRTV ၏ နိုင်ငံတော် သံစုံတီးဝိုင်းနှင့် မြန်မာ့ဆိုင်းဝိုင်း နေရာချထားမှု၊ အခမ်းအနားတွင် ဖျော်ဖြေမည့် တေးသီချင်းများ ရွေးချယ်မှု၊ အခမ်းအနားမှူးများ နေရာချထားမှု၊ ဧည့်သည်တော်များ ဖိတ်ကြားမည့်အစီအစဉ်၊ ကြိုဆိုဧည့်ခံရေး ဆောင်ရွက်ထားရှိမှုနှင့် ဧည့်သည်တော်များ တည်းခိုနေရာချထားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားကျင်းပမည့် စင်မြင့်ဆောက်လုပ်နေမှု၊ ထိုင်ခုံခင်းကျင်းမှုနှင့် အနုပညာရှင်များအတွက် အနီရောင်ကော်ဇော လျှောက်လမ်းနေရာ လျာထားမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဇီဝိတဒါန(အဘယဒါန)ဘေးမဲ့ငါးလွှတ်ပွဲနှင့် မြန်မာနှစ်သစ်ကူး သက်ကြီးပူဇော်ပွဲအခမ်းအနား တက်ရောက်

**ပုသိမ် မေ ၁၈**

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ဇီဝိတဒါန(အဘယဒါန)ဘေးမဲ့ငါးလွှတ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားမှူးက ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များကိုဖတ်ကြားခဲ့ပြီး ဇီဝိတဒါနဘေးမဲ့လွှတ်မည့် ငါးများထည့်ထားသည့် ဖလားများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများသို့ တာဝန်ရှိသူများက လက်ဆင့်ကမ်းပေးအပ်ကာ ငါးများကို ငါးဝန်မြစ်အတွင်းသို့ တစ်ပြိုင်တည်း ဘေးမဲ့လွှတ် ကုသိုလ်ပြုပြီး အခမ်းအနားမှူးက ဆုတောင်းမေတ္တာများပို့သခဲ့သည်။ ဇီဝိတဒါန(အဘယဒါန)ဘေးမဲ့ငါးလွှတ်ပွဲတွင် ငါးမြစ်ချင်း တစ်သိန်း၊ ရွှေဝါငါးကြင်း တစ်သိန်းတို့ကို ဇီဝိတဒါ (အဘယဒါန) ကုသိုလ်ပြုလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်သည့် မြန်မာနှစ်သစ်ကူးသက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပုသိမ်မြို့ပေါ်၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၉၉၉ ဦးရှိပါကြောင်း၊ ယနေ့ကန်တော့ပွဲသို့ ၉၆ ဦးတက်ရောက်နိုင်ခဲ့ပြီး မတက်ရောက်နိုင်သည့်ဘိုးဘွားများကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့် သွားရောက်ကန်တော့ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဒေသအသီးသီး၌ အသက် ၁၀၀ ကျော်ဘိုးဘွားများလည်းရှိပါကြောင်း၊ ယနေ့သာသနာ့ဗိမာန်တော်ကြီးတွင် ဘိုးဘွားများအား စုစုစည်းစည်းဖြင့် ကန်တော့ခွင့်ရသည့်အတွက် များစွာဝမ်းသာကြည်နူးမိပါကြောင်းနှင့် ဘိုးဘွားများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ တစ်ပါတည်း ပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ပူဇော်ကန်တော့ခံ အဘိုး အဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ပြီး ကန်တော့ခံ အဘိုး အဘွား တစ်ဦးချင်းစီအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများက ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ လှူဒါန်းပေးအပ်သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော အဘိုး အဘွားများကိုယ်စား အဘွားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကာ သက်ကြီးပူဇော်ပွဲအခမ်းအနားအား သာဓုသုံးကြိမ် ခေါ်ဆိုရုပ်သိမ်းခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိများက အဘိုး အဘွားများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ် မနောမြန်မာရက်ကန်းကုန်ထုတ် သမဝါယမအသင်းက ကချင်ရိုးရာအထည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**မြစ်ကြီးနား မေ ၁၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ မနောမြန်မာရက်ကန်းကုန်ထုတ်သမဝါယမအသင်းက အသင်းသားပိုင်စက်ရက်ကန်းစင် ၁၆ စင်ဖြင့် ကချင်ရိုးရာအထည်များ ရက်လုပ်လျက်ရှိသည်။ စက်ရက်ကန်းစင် တစ်စင်လျှင် တစ်လပျမ်းမျှ အထည် ၁၀၀ ကျော်ဖြင့် ၁၆ စင်လျှင် ပျမ်းမျှအထည် ၃၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီး ရရှိလာသော ကချင်ရိုးရာ (ကျား၊ မ)ဝတ် အထည်များနှင့် ရိုးရာတဘက်၊ ခေါင်းပေါင်းများကို ကချင်ပြည်နယ် အတွင်းသာမက အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်

**နေပြည်တော် မေ ၁၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် မှော်ဘီမြို့နယ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(ဝါးနက်ချောင်း)၊ အမှတ်(၂)စိုက်ပျိုး/မွေးမြူရေးစခန်း(မှော်ဘီ)နှင့် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၄) စိုက်ပျိုးမွေးမြူရေး(စခန်း)တို့၌ ဆိတ်၊ အသားတိုးကြက်၊ ဥစားကြက်၊ အသားတိုးနွားနှင့် နို့စားနွား မွေးမြူထားရှိမှု၊ သီးပင်စားပင်များနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းဆရာဆိုတာ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များပါ

ဒေါက်တာမောင်သင်း

"ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာခြင်းဟာ သူ့နိုင်ငံသားတွေ ကောင်းကြ၊ တော်ကြလို့ပါ။ ကောင်းသလောက် တော်ကြတဲ့ နိုင်ငံသားတွေ ကြွယ်ဝဖို့ကျတော့ အဲဒီနိုင်ငံရဲ့ပညာရေးမှာ အရည်အသွေးမြင့်တဲ့ ဆရာတွေရှိမှ ဖြစ်မှာပါ"

လီရှန်လွန်း
စင်ကာပူဝန်ကြီးချုပ်

"ဆရာ တော်မှ တပည့် တော်မှာ။ ဆရာ ညံ့ရင် တပည့်တွေ ပိုညံ့သွားမှာပေါ့" ဆိုသည့် ဆရာများ ထက်ရန်၊ မြက်ရန် လိုအပ်ကြောင်း ကျွန်တော် ဆရာငယ်ဘဝကတည်းက ကိုယ့်ဆရာသမားများ အကြိမ်ကြိမ်ဆုံးမခဲ့သည်ကို မှတ်သားခဲ့ရဖူးပါသည်။

မိမိတပည့်များ တော်ရန်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ကြိုးစားဖြည့်ဆည်းခဲ့သည်။ တပည့်များကိုလည်း ထက်မြက်ပြီး လူကောင်းလူတော်များ ဖြစ်အောင် လေ့ကျင့်ပေးခဲ့သည်။ မိမိ၏သင်ဆရာများအပြင် မြင်ဆရာ၊ ကြားဆရာများ၏ ဆုံးမမှုကိုလည်း လက်လှမ်းမီသလောက် ရှာဖွေခံယူခဲ့သည်။ ထိုသို့ရှာဖွေရာတွင် **"တပည့်ဟာ ဆရာထက် တော်ရမယ်၊ ဒါမှသာ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် မြင့်တက်သွားမှာ၊ တပည့်က ဆရာထက်ညံ့၊ အဲဒီတပည့်ထက် နောက်မျိုးဆက်ကပိုညံ့ရင် မြန်မာတွေ အဝီစိကို ငုံ့ကြည့်ရမယ်။ ဆရာဆိုတာ ကိုယ့်ထက်သာတဲ့တပည့်တွေကို လေ့ကျင့်မွေးထုတ်နိုင်မှ ဆရာကောင်းဖြစ်တယ်"** ဆိုသည့် ဆရာကြီး ဦးဖေမောင်တင်၏ဆုံးမစကားကို အထူးနှစ်သက်မိသည်။

သို့မှသာ ကျောင်းဆရာဆိုသည်မှာ ဖတ်စာအုပ်ထဲကစာ သို့မဟုတ် ပညာရပ်လောက်သာ သင်ပေးရုံဖြင့် ဆရာ့အလုပ်မပြီးသေးပါလား။ နိုင်ငံနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ကို ဖန်တီးပုံဖော်ပေးနေသည့် နေရာတွင် ရပ်တည်နေတာပါလားဆိုသည်ကို သတိပြုလာမိသည်။ **"ဆရာတွေရဲ့တာဝန် ကြီးလေးကြောင်း"** နှင့် ဆရာများသည် **"တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များ အဆင့်"** တွင် ရပ်တည်နေကြောင်းကိုလည်း အထက်ပါစင်ကာပူဝန်ကြီးချုပ်၏ မိန့်ဆိုချက်ကို နက်နက်နဲနဲတွေးကြည့်မှ ထင်ထင်ရှားရှား မြင်လာရပါသည်။

**သမိုင်းထဲမှ ဖိုးသုညတော်လှန်ရေး ဆင်နွှဲကြသူများ**

အဆိုပါ **"ဖိုးသုညတော်လှန်ရေး"** ဟူသည့် ဝေါဟာရကို သမ္မတကြီး (ငြိမ်း) ဒေါက်တာမောင်မောင်က သူ့စာအုပ်ဖြစ်သည့် **"သက်ရှိရာဇဝင်"**တွင် ဖော်ပြထားခဲ့ခြင်းဖြစ်သည်။ ဤတွင် **"ဖိုးသုည"** ဟူသော ဝေါဟာရကိုမူ မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဦးနုက သုံးစွဲခဲ့ခြင်းဖြစ်သည်။ ထင်ရှားသည့် သူ့စကားမှာ **"ဖိုးသုညတွေနဲ့ နိုင်ငံတည်ဆောက်လို့မရ"**ဟူ၍ဖြစ်သည်။

ထိုခေတ်၊ ထိုအခါ အမြင်အရ စာမတတ်၊ ပေမတတ် ပညာဉာဏ်နိမ့်သူများဖြင့် နိုင်ငံဖွံ့ဖြိုးအောင်မလုပ်နိုင်ဟု ဆိုလိုခြင်းပါ။ သို့ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် **"ဘဝသစ်စီမံကိန်း"**ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ပြီးနောက် **"လူထုပညာရေးဥပဒေ"** ကို ထပ်မံပြဋ္ဌာန်းကာ လူထုပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ လွတ်လပ်ရေးရပြီးစအချိန်၌ မြန်မာနိုင်ငံတွင် စာမတတ်သူ ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။ ထိုဘဝသစ်စီမံကိန်းကို ဖိုးသုညများလက်ထဲ အပ်ခဲ့မည်ဆိုလျှင် မောရုံသာရှိမည်ဟု ခံယူထားကြသည်။

**"လူထုပညာရေးမှူး"** များ ခန့်အပ်ကာ ပညာရည်မြင့်မားသူများ တိုးပွားစေရေးကို အကောင်အထည်ဖော်ခဲ့သည်။ ထိုအချိန်က **"ဖိုးသုညတော်လှန်ရေး"** ဆင်နွှဲနေသည့် လူထုပညာရေးမှူးများနှင့် ကျောင်းဆရာများကို တောတွင်းကွန်မြူနစ်များက လိုက်လံရှာဖွေသတ်ဖြတ်ကြသဖြင့် ပုန်းအောင်းကာ ပညာသင်ကြားပေးခဲ့ရကြောင်းလည်း လေ့လာမိခဲ့သည်။ ပြည်သူများ အသိဉာဏ်ပွင့်လန်းလာမည်ကို မလိုလားသူများ ရှိခဲ့ကြောင်း သမိုင်းသက်သေပါ။

ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ဆရာများ ခန့်အပ်ပေးခဲ့ကာ လွတ်လပ်ပြီးခါစ မြန်မာနိုင်ငံ၏ "ဖိုးသုညတော်လှန်ရေးစစ်ပွဲ" ကို ဆင်နွှဲခဲ့ခြင်းသမိုင်းတွင် ဉာဏတိုက်စစ်မှူးကျောင်းဆရာများ ရှေ့တန်းက ပါဝင်ခဲ့ကာ နိုင်ငံတည်ဆောက်ရေး အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံသားများ ပညာရည်မြင့်မားအောင် စွမ်းဆောင်ပေးခဲ့သည်။ လွတ်လပ်ရေးရပြီး တိုင်းပြည်ထူထောင်ရေး သို့မဟုတ် တိုင်းပြုပြည်ပြုသမိုင်းတွင်လည်း ဆရာများ တာဝန်ကျေခဲ့ကြသည်။ ယနေ့အချိန်အခါတွင် ဖိုးသုညခေတ်ဆီ ဦးတည်နေသူများ ရှိနေလျှင်လည်း မိမိနိုင်ငံသားများ၏မျိုးဆက်များကို ပညာသင်ကျောင်း ရောက်လာပြီး အသိဉာဏ်ပွင့်လန်းလာအောင် သက်ဆိုင်သူများအား စည်းရုံးအသိဉာဏ် ဖွင့်ပေးခြင်းဖြင့် "ခေတ်သစ်ဖိုးသုညတော်လှန်ရေး" ကို ဆက်လက်လုပ်ဆောင်ပေးရန် လိုပါလိမ့်မည်။

> **အမှန်တွင်မူ ဆရာ ဆရာမများ၏ အမြော်အမြင်နှင့် ဉာဏ်ပညာသည် ထာဝစဉ်ခေတ်ရှေ့ပြေးနေရမည်။ နုပျိုလန်းဆန်းနေရမည်။ အတွေးသစ်၊ အမြင်သစ်ဖြင့် အနာဂတ်မြန်မာ့လူ့ဘောင်သစ်ကို လှမ်းမျှော်ကြည့်ရှုနိုင်စွမ်းရှိရမည်။ သို့မှသာ ယနေ့မျိုးဆက်သစ်များအား အနာဂတ်လူ့ဘောင်သစ်နှင့်ကိုက်ညီမည့် အရည်အသွေးများကို တပ်ဆင်ပေးနိုင်ပါလိမ့်မည်။ မွမ်းမံသင်တန်းလာတက်နေခြင်းသည် ဉာဏ်အဟောင်းပြင်၍ ဉာဏ်သစ်တပ်ဆင်ကာ မြင့်မားသည့် လူ့အဖွဲ့အစည်းဆီသို့ ကျောင်းသား ကျောင်းသူများကို တွန်းပို့နိုင်ရန်အတွက် အားသစ် ဉာဏ်သစ်လောင်းနေခြင်းပင်။ ဆိုလိုသည်မှာ ဆရာ့ဉာဏ်အသစ်ဆောင်နိုင်မှ တိုင်းပြည်ကောင်းအောင် စွမ်းဆောင်မည့် ခေတ်မီတပည့်အပေါင်းကို မွေးထုတ်နိုင်မည်**

**ဆရာဆိုသည်မှာ ငြိမ်းချမ်းရေးဗိသုကာ**

အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ဖြစ်သည်။ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ၂၀၀၂ ခုနှစ်မှ ယနေ့တိုင်ပင်ဖြစ်သည်။ ဆရာများနေ့ ပေါ်ပေါက်လာပုံမှာလည်း စိတ်ဝင်စားစရာကောင်းသည်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါး ရှိပါပြီ။ မငြိမ်းချမ်းသည့်အပြင် ပြည်တွင်းစစ်များ၊ နိုင်ငံအချင်းချင်းဖြစ်ပွားမှုများ၊ ဆူပူမှု၊ ပုန်ကန်မှုပေါင်းများစွာ၊ အကြမ်းဖက်မှုမျိုးစုံတို့ဖြင့်သာ ပြည့်လျှမ်းနေသည်။ ငြိမ်းချမ်းမှုကို မရရှိသေး။

အဆိုပါပြည်တွင်းစစ်၊ ဆူပူမှု၊ ပုန်ကန်မှုနှင့် အကြမ်းဖက်မှု စသည့်မငြိမ်းချမ်းမှုများ ဖြစ်ပွားနေသည့်နေရာများသည် ပညာရည်နိမ့်ကျသူများ ထူထပ်သည့်နေရာဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် အာဖရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာရှအနောက်ဘက်၊ ဥရောပအရှေ့တောင်ဘက်နှင့် အမေရိကအလယ်ပိုင်းစသည့် နေရာများဖြစ်ကြသည်။

မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပညာရည်မြင့်မားအောင်နှင့် လိမ္မာယဉ်ကျေးပြီး ငြိမ်းချမ်းမှုကို မြတ်နိုးသူများဖြစ်အောင် လုပ်ဆောင်ပေးနိုင်သည်မှာ တစ်ကမ္ဘာလုံးရှိ ဆရာ ဆရာမများဖြစ်သည်။ ပညာရည်မြင့်မားသူများ ပေါ်များလာပါမှ ကမ္ဘာ့နေရာအနှံ့ မငြိမ်းချမ်းမှုများကင်းကာ ငြိမ်းချမ်းမှုပြည့်လျှမ်းသည့်ကမ္ဘာဖြစ်ထွန်းလာမည်ကို သိပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့လေးဖွဲ့ဖြစ်သည့် ယူနက်စကို (UNESCO)၊ ယူနီဆက် (UNICEF)၊ အိုင်အယ်လ်အို (ILO)နှင့် ယူအန်ဒီပီ (UNDP) တို့ပူးပေါင်းပြီး ကမ္ဘာ့ဆရာများနေ့ဟူ၍ သတ်မှတ်ဂုဏ်ပြုခဲ့ကြခြင်းဖြစ်သည်။

**"လူ့အဖွဲ့အစည်းရဲ့ ငြိမ်းချမ်းရေးကို အစောဆုံးဆောင်ရွက်နိုင်သူတွေဟာ ဆရာ ဆရာမတွေပါပဲ"** ဟူ၏။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဟူသမျှသည် တပည့်ကို လိမ္မာယဉ်ကျေးသူ၊ လူ့အဖွဲ့အစည်း ငြိမ်းချမ်းရန်နှင့် ကောင်းကျိုးသယ်ပိုးရန်သာ သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ပြည်ဖျက်ရန်၊ ဆူပူရန်၊ အကြမ်းဖက်ရန်၊ တိုင်းဖျက်ပြည်ဆူရန် မည်သည့်ကျောင်းဆရာကမှ သမိုင်းတစ်လျှောက် မလေ့ကျင့်ပေးခဲ့ပါ။ သို့ဖြစ်၍ ယဉ်ကျေးသည့် မြန်မာ့လူ့အဖွဲ့အစည်းက လေးစားတန်ဖိုးထားရသူ အနန္တဂိုဏ်းဝင်များအဖြစ် ရပ်တည်ခဲ့ကြသည်။

**ဆရာဆိုသည်မှာ ဉာဏတော်လှန်ရေးသမား**

ဆရာများ၏ တော်လှန်ရေးသည် အပြုတော်လှန်ရေး သို့မဟုတ် စစ်မှန်သည့်တော်လှန်ရေးဖြစ်ပေသည်။ မသိနားမလည်မှုကို တော်လှန်၏။ အသိဉာဏ်ဆင်းရဲမှုကို တော်လှန်ပေးသည်။ ညင်သာ၏။ ချစ်စဖွယ်တော်လှန်ရေးဖြစ်၏။ တော်လှန်ရေးမစစ်လျှင် သွေးထွက်သံယိုရှိ၏။ သတ်ဖြတ်မှုပါဝင်၏။ ပျက်စီးမှု၊ ဖျက်ဆီးမှုများ များ၏။ တော်လှန်ရေးစစ်မှန်လျှင် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အသိဉာဏ်မြင့်အောင် စွမ်းဆောင်၏။ လူ့အဖွဲ့အစည်းငြိမ်းချမ်း၏။ သာယာ၏။ ဖွံ့ဖြိုး၏။ အဆိုပါ မြတ်နိုးဖွယ်တော်လှန်ရေးကို ရှေ့တန်းမှ ဦးဆောင်နေကြသူများသည် ဉာဏတိုက်စစ်မှူးများဖြစ်ကြသည့် ကျောင်းဆရာများပင်ဖြစ်သည်။

ဉာဏတိုက်စစ်မှူးများ၏ တော်လှန်ရေးလုပ်ငန်းများတွင် -

- (က) အသိဉာဏ်ပညာ ဆင်းရဲမွဲတေမှုကို တော်လှန်ခြင်း၊
- (ခ) နိုင်ငံကြီးသားစိတ်ထား ကင်းမဲ့မှုကို တိုက်ဖျက်ခြင်း၊
- (ဂ) အကျင့်စာရိတ္တချွတ်ခြုံကျမှု မရှိအောင် စွမ်းဆောင်ခြင်း၊
- (ဃ) အမျိုးသားရေး "စံ" များ ပျက်သုဉ်းမှုမှ ကာကွယ်ထိန်းသိမ်းခြင်း၊
- (င) အစွန်းရောက်မှု မြင့်မားခြင်းနှင့် တရားမျှတခြင်း အားနည်းမှုမရှိရလေအောင် တည့်မတ်ခြင်း၊
- (စ) ဒီမိုကရေစီစိတ်ထားနှင့် အလေ့အကျင့် ခေါင်းပါးမှုကင်းအောင် လေ့ကျင့်ပေးခြင်း၊
- (ဆ) ဘိုးဘွားအမွေအနှစ်ကို ထိန်းသိမ်းလိုသည့် ခံယူချက်မြင့်မားအောင် ဆောင်ရွက်ခြင်း စသည်တို့ပါဝင်သည်။

နိုင်ငံသားတစ်ဦးဖြစ်လာလျှင် တောင့်တင်းခိုင်မာစွာရှိနေရမည့် အထက်ပါအရည်အသွေးများ ချွတ်ခြုံကျမှုကို တော်လှန်နေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားတိုင်းရှိရမည့် ကိုယ်ခံအားကျဆင်းလာပြီဆိုလျှင် အမှား၊ အမှန် ခွဲခြားနိုင်မှုကင်းကာ ပြောသမျှ ယုံ၊ ခိုင်းသမျှသာ လုပ်တတ်သည့်အဆင့်သို့ လူ့အရည်အသွေး နိမ့်ဆင်းလာတော့သည်။ ဤသည်ကိုအကွက်ချောင်းနေသော ခေတ်သစ်ကိုလိုနီများက မီဒီယာမျိုးစုံဖြင့် မှိုင်းတိုက်၊ ယုံအောင်ဇာတ်သွင်းကြတော့သည်။ ပြီးလျှင် ခေတ်သစ်ကျွန်ပြုရန်အကြံဖြင့် **"အိမ်ကြက်ချင်း အိုးမဲသုတ် ခွတ်ခိုင်းသည့်ပမာသို့"** အချင်းချင်းရန်တိုက်ပေး၏။ နိုင်ငံသားများ၏ စည်းလုံးမှု အင်အားချည့်နဲ့အောင်လုပ်ပြီးနောက် အဝေးထိန်းဖြင့် အချုပ်အခြာအာဏာကို ယိုင်နဲ့အောင်ပြု၏။ ကျွန်ဇာတ်သွင်းလို၏။ ဤဇာတ်ညွှန်းမျိုးအတိုင်း လိုက်ပြီး မကာမိစေရန် ဆရာများက ခေတ်အဆက်ဆက် ကြိုမြင်ခဲ့၏။ ထိုသို့မဖြစ်ရန် ထိန်းသိမ်းတည့်မတ်ပေးခဲ့ကြ၏။ ဉာဏ်ပညာဖြင့် တော်လှန်၏။ သို့အတွက် နိုင်ငံသားတိုင်းကို အမျိုးသားရေး ကိုယ်ခံအားများချည့်နဲ့မှု ကင်းဝေးစေရန်နှင့် ပိုမိုတောင့်တင်းခိုင်မာသည်ထက် ခိုင်မာအောင် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လေ့ကျင့်တည်ဆောက်ပေးနေကာ နိုင်ငံတော်ကို ကာကွယ်နေသည်က ယနေ့ကျောင်းဆရာများပင်ဖြစ်သည်။

**ဆရာ ဆရာမများနှင့် နွေရာသီမွမ်းမံသင်တန်း**

နွေရာသီကျောင်းပိတ်ရက်တွင် ဆရာ ဆရာမများ မည်သည့်အတွက် မွမ်းမံသင်တန်းများ တက်နေရသလဲဆိုသည့် မေးခွန်းကို ပြည်သူများကြားတွင် နှစ်စဉ်နှစ်တိုင်းမေးနေကြသည်။

**(က) နုပျိုဆေး အမြဲမှီဝဲကြသူများပါ**

အထက်ပါမေးခွန်းကို **"ကမ္ဘာကျော် Ford ကားကုမ္ပဏီ"** စတင်တည်ထောင်သူ **"ဟင်နရီဖို့ဒ်"** ၏ **"နုပျိုဆေး"** ကြောင့်ပါဟု ဆရာ ဆရာမများ၏ ကိုယ်စား ဆရာတစ်ယောက်အနေဖြင့် ပထမဆုံး ဖြေကြားပါရစေ။ သူ့အဆိုကတော့ **"လေ့လာလိုက်စားမှုကို ပြုမြဲပြုနေသူသည် နုပျိုသူမည်၏" "လေ့လာလိုက်စားမှု ရပ်ဆိုင်းလိုက်သူသည် အိုမင်းသူမည်၏"** ဟူ၍ဖြစ်သည်။

အမှန်တွင်မူ ဆရာ ဆရာမများ၏ အမြော်အမြင်နှင့် ဉာဏ်ပညာသည် ထာဝစဉ်ခေတ်ရှေ့ပြေးနေရမည်။ နုပျိုလန်းဆန်းနေရမည်။ အတွေးသစ်၊ အမြင်သစ်ဖြင့် အနာဂတ်မြန်မာ့လူ့ဘောင်သစ်ကို လှမ်းမျှော်ကြည့်ရှုနိုင်စွမ်းရှိရမည်။ သို့မှသာ ယနေ့မျိုးဆက်သစ်များအား အနာဂတ်လူ့ဘောင်သစ်နှင့် ကိုက်ညီမည့် အရည်အသွေးများကို တပ်ဆင်ပေးနိုင်ပါလိမ့်မည်။ မွမ်းမံသင်တန်းလာတက်နေခြင်းသည် ဉာဏ်အဟောင်းပြင်၍ ဉာဏ်သစ်တပ်ဆင်ကာ မြင့်မားသည့် လူ့အဖွဲ့အစည်းဆီသို့ ကျောင်းသား ကျောင်းသူများကို တွန်းပို့နိုင်ရန်အတွက် အားသစ် ဉာဏ်သစ်လောင်းနေခြင်းပင်။ ဆိုလိုသည်မှာ ဆရာ့ဉာဏ်အသစ်ဆောင်နိုင်မှ တိုင်းပြည်ကောင်းအောင် စွမ်းဆောင်မည့် ခေတ်မီတပည့်အပေါင်းကို မွေးထုတ်နိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၇ သို့** ✣

☆ ရှေ့ဖုံးမှ

ဆက်သွယ်ပေးသည့် အဆိုပါ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး လမ်းမကြီးသည် လက်ရှိကွမ်းလုံ ကြိုးတံတားဟောင်းမှ တစ်ဆင့် သံလွင်မြစ်ကို ဖြတ်ကူးရသဖြင့် ကွမ်းလုံ ကြိုးတံတားသည်လည်း နယ်စပ်ကုန်သွယ်ရေးလမ်းမကြီး ပေါ်တွင် အလွန်အရေးပါလှပေ သည်။ ကွမ်းလုံကြိုးတံတား ဟောင်းကို ကွမ်းလုံမြို့အနီးတွင် ၁၉၆၄ ခုနှစ်က တည်ဆောက် ခဲ့ခြင်းကြောင့် သက်တမ်းအား ဖြင့် နှစ်ပေါင်း ၅၀ ကျော်ကြာမြင့် ခဲ့ပြီဖြစ်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ယခုအခါ ကွမ်းလုံတံတား ဟောင်း၏ ခံနိုင်ရည်အား ကျဆင်း လာပြီဖြစ်၍ နှစ်နိုင်ငံ အစိုးရ များကြား သဘောတူညီမှု များ ရယူပြီးနောက် ၂၀၁၉ ခုနှစ် မေလပိုင်းတွင် စတင်ဆောင်ရွက် ခဲ့ပြီး တံတားလုပ်ငန်းနှင့် ချဉ်းကပ် လမ်း တည်ဆောက်ရေးလုပ်ငန်း များကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွမ်းလုံ တံတားသစ်ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက ယွမ်ငွေ သန်းပေါင်း ၁၄၀ အကုန်ကျခံကာ တည်ဆောက် ပေးလျက်ရှိနေ ကြောင်း သိရသည်။

သံလွင်မြစ်ကူး (ကွမ်းလုံ) တံတား၏ စုစုပေါင်းတံတား အရှည် ၂၈၆ မီတာရှိပြီး ယာဉ် သွားလမ်းအကျယ် ၉ မီတာရှိသော နှစ်လမ်းသွားတံတားအမျိုးအစား ဖြစ်သည်။ လူသွားလမ်း အကျယ် တစ်ဖက်လျှင် ၁ ဒသမ ၅ မီတာစီ ပါဝင်မည်ဖြစ်၍ တံတားခံနိုင်ဝန် မှာ တန် ၆၀ ဖြစ်ကြောင်း သိရ သည်။ ကွမ်းလုံဘက်ကမ်း ချဉ်းကပ်လမ်း အရှည် ၃ ဒသမ ၉၈ ကီလိုမီတာနှင့် သိန္နီဘက် ကမ်းချဉ်းကပ်လမ်း အရှည် သုည ဒသမ ၃၃ ကီလိုမီတာရှိပြီး လမ်း နှင့် တံတား စုစုပေါင်းအရှည် ၄ ဒသမ ၅၉ ကီလိုမီတာ ရှိကြောင်း သိရသည်။

တံတားအောက်ခြေ အုတ်မြစ် လုပ်ငန်းများနှင့် တံတားကိုယ်ထည် တိုင်လုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဆောင်ရွက် ပြီးစီးခဲ့ကြောင်း သိရသည်။

တံတား၏ PC Box Girder များကို အပိုင်းလိုက်ဆောင်ရွက် ခြင်းလုပ်ငန်းတွင် ကွမ်းလုံဘက် ကမ်းနှင့် သိန္နီဘက်ကမ်းတို့ နှစ်ဖက် ဆက်သွားသောကြောင့် နှစ်နိုင်ငံ တာဝန်ရှိသူများအကြား တံတားဆက်ခြင်း အခမ်းအနားကို ပြီးခဲ့သည့် ဧပြီ ၁၂ ရက်က အောင်မြင်စွာ ကျင်းပဆောင်ရွက် နိုင်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ် လင်ချန်း မြို့ ပြည်သူ့အစိုးရ ဒုတိယအတွင်း ရေးမှူးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့တို့ တက်ရောက်ကြပြီး မြန်မာ နိုင်ငံဘက်မှ ဆောက်လုပ်ရေး ဝန်ကြီးဌာနကိုယ်စား တံတားဦး စီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် (တည်ဆောက်ရေး)နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူ များ ပါဝင်သော ကိုယ်စားလှယ် အဖွဲ့တို့ တက်ရောက်ခဲ့ကြ သည်။

ယနေ့အထိ တံတားလုပ်ငန်း သီးသန့်တည်ဆောက်ရေးအပိုင်း ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး နေပြီဖြစ်ပြီး စီမံကိန်းတစ်ခု လုံးအနေဖြင့် ၉၂ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ရာ ဆောင်ရွက်ရန် ကျန်ရှိနေသေး သည့်လုပ်ငန်းများကို ၂၀၂၃ခုနှစ် ဇွန်လပိုင်းအတွင်း အပြီးဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရ သည်။

သံလွင် (ကွမ်းလုံ) တံတား သစ်ကြီး တည်ဆောက်ပြီးစီး ပါက လားရှိုး - သိန္နီ-ကွမ်းလုံ - ချင်းရွှေဟော်လမ်းသည် တရုတ်- မြန်မာနှစ်နိုင်ငံအတွက် ကုန်သွယ် မှု အဓိကထွက်ပေါက် ဖြစ်လာမည် ဖြစ်ရာ မြန်မာနိုင်ငံဘက်ခြမ်းမှ ကြံ၊ ပဲ၊ ပြောင်းနှင့် နှမ်းအပါအဝင် အခြား လယ်ယာထွက်ကုန် ပစ္စည်းများကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဘက်ခြမ်းသို့ ပိုမိုတင်ပို့နိုင် မည်ဖြစ်၍ နှစ်နိုင်ငံ ကုန်စည် စီးဆင်းမှုများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေမည် ဖြစ်သောကြောင့် တရုတ် - မြန်မာနှစ်နိုင်ငံ နယ်စပ် ကုန်သွယ်မှုပမာဏ ပိုမိုမြင့်တက် လာမည်ဖြစ်ကြောင်း၊ အရှည်ပေ ၄၀ ရှိသော တန် ၄၀ အထက် တင်နိုင်သည့် ကွန်တိန်နာယာဉ်ကြီး များဖြင့် ကုန်စည် သယ်ယူ ပို့ဆောင် ကူးသန်းသွားလာနိုင် တော့မည်ဖြစ်ရာ နှစ်နိုင်ငံ နယ်စပ် ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေ ချောမွေ့ မြန်ဆန်လာမည် ဖြစ်သောကြောင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပြီး ဒေသခံ တိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေးတို့ ပိုမို တိုးတက် မြင့်မားလာတော့မည် ဖြစ်ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

■



သံလွင်မြစ်ကူး(ကွမ်းလုံ) တံတားသစ်တည်ဆောက်နေမှုကို တွေ့ရစဉ်။

## လမ်းသစ်လျှောက်စို့...

❖ နှစ်ဟောင်းကို အတာရေအေးနဲ့
ဆေးခဲ့ပေါ့ ပြည်တစ်ခွင်။

❖ အရေးကုန် အရှည်တွေးလို့
ဆွေးနွေးမှုပင်။

❖ အမှားလည်း ဝိုင်းလို့ပြင်
အမှန်းစင် ရှေ့ဆက်လုပ်မ်း။

❖ နှိတစ်သက်တာ
တွဲလက်မကွာ အတူလျှောက်မှ
ရောက်ကြမယ့်လမ်း။ ။

**အကျော်ပင်**

✣ စာမျက်နှာ ၆ မှ

**(ခ) အောင်မြင်သည့်အဖွဲ့အစည်းမို့ပါ**

**“အောင်မြင်သော အဖွဲ့အစည်းတိုင်းသည် အမြဲတမ်းသင်ကြားပို့ချပေးနေသည့် အဖွဲ့အစည်း ဖြစ်သည်”**ဟု အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ် ပါမောက္ခ ဒေါက်တာနိုအဲလ်တီချီ (Noel Tichy) က လေ့လာတွေ့ရှိခဲ့သည်။ မိမိအဖွဲ့အစည်းကို အောင်မြင်အောင် အကောင်အထည်ဖော်သည်မှာ အမြဲလေ့လာနေသော လူသားအရင်းအမြစ်များပင် ဖြစ်သည်။ လူသားအရင်းအမြစ်၏ ဉာဏ်ပညာ ရေချိန်မြင့်ပါမှ အဖွဲ့အစည်း၏ အောင်မြင်မှု “ကြာပန်း” တင့်တယ်နိုင်ပေမည်။ သင်တန်းပို့ချခြင်း တွင် အဖွဲ့အစည်း၏ အားနည်းချက်၊ အားသာချက် များနှင့် ခေတ်အလိုက်ပြောင်းလဲလာသည့် လူ့အဖွဲ့ အစည်း၏ အတွေးသစ်၊ အမြင်သစ်နှင့် နည်းပညာ သုံးစွဲမှုတို့ အကောင်းဆုံးအသုံးချနိုင်ရန်များ အပါ အဝင် အတွေ့အကြုံရှိသူ လူကြီးများက မိမိတို့၏ အတွေ့အကြုံကို နောက်မျိုးဆက်များသို့ လက်ဆင့် ကမ်းပေးကြသည်။ အဆိုပါအချက်များကို ပညာရေး ဌာနအကြီးအကဲများနှင့် ဆရာ ဆရာမများက ခံယူကျင့်သုံးရင်း **“အမြဲလေ့လာ ဆည်းပူးနေသည့် ပညာလူ့အဖွဲ့အစည်း”** ဖြစ်ရန် ဆရာများက စံနမူနာပြ ကြိုးပမ်းနေခြင်းဖြစ်သည်။

**(ဂ) လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှု၏ မဏ္ဍိုင်ခိုင်မြဲစေရန် ကြိုးပမ်းနေသူများပါ**

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း တစ်ခု၏ ဗဟိုချက်မဖြစ်သည်။ ပညာရေးနိမ့်ကျလျှင် နိုင်ငံဖွံ့ဖြိုးရေးဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူ့အဖွဲ့အစည်းများ အားလုံးနိမ့်ကျပြီး ပညာရေး ကောင်းမွန်သည့် နိုင်ငံနှင့်လူ့အဖွဲ့အစည်းသည် ကမ္ဘာ့ထိပ်တန်းကို ရောက်ရှိနေသည်။ ဖွံ့ဖြိုးမှု၊ နိမ့်ကျမှုအားလုံးသည် လူသားတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းကို ပညာရေးက လေ့ကျင့်ပေး လိုက်သည့် အရည်အသွေးအပေါ် မူတည်နေပေ သည်။

လူသားတစ်ဦးချင်းဖွံ့ဖြိုးမှ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးမည်။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုသည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန် လိုပေသည်။ ရပ်တန့် သွားလျှင် နောက်ကျကျန်နေပေလိမ့်မည်။ လူသားတိုင်း မိခင်ဝမ်းအတွင်းမှ သေဆုံးသည်အထိ ကင်းလွတ်၍မရသည့်အရာကား ပညာရေးပင် ဖြစ်ပေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက ပညာရေးကို “From Womb to Tomb” ဟု ခံယူကျင့်သုံးနေပေသည်။ ကျောင်းသင်ပညာရေး သို့မဟုတ် အတန်းကျောင်း (Formal Education) ပြီးဆုံးတိုင်း ပညာရေး ပြီးဆုံး ခြင်းမဟုတ်ပေ။ ကျောင်းမှ ထွက်သွားသူတစ်ဦးဦး သည် ပညာရေး သို့မဟုတ် ကိုယ်တိုင်သင်ပညာရေး (Non-formal Education) နှင့် ဆက်လက်ထိတွေ့ လေ့လာသင်ယူနေရမည်။ အတန်းပညာရေးပြီး၍ ကျောင်းမှဆင်းသွားသည့် ကျောင်းသားတစ်ဦးချင်း သည် **“ဘဝမှာ တိုးတက်ချင်၊ အောင်မြင်ချင်၊ ကြီးပွားချင်ရင် ကိုယ်တိုင်ဆက်လက်လေ့လာမှု၊ ဆည်းပူးမှုကို သေသည်အထိ လုပ်ဆောင်နေရမည်”** ဟူသည့် အသိဉာဏ်ပါသွားသည်အထိ ယနေ့ ကျောင်းသင်ပညာရေးကို အကောင်အထည်ဖော်နေ ကြသူ ဆရာ ဆရာမများက လေ့ကျင့်ပေးရပါလိမ့် မည်။ ဆရာများကိုယ်တိုင်လည်း အဆိုပါအသိကို ရှေ့ဆုံးက လက်ခံကျင့်သုံးကာ ယခုကဲ့သို့မွမ်းမံ သင်တန်းများ တက်နေခြင်းဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်တွင် သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ ဦးစန်းယုက **“ဆရာ ဆိုတာ ထာဝရကျောင်းသားကြီးတွေပါ”** ဟု ဆိုခဲ့ သည်။ ယင်းအဆိုသည် “တစ်သက်တာသင်ယူသူ” (Lifelong learners) ဟုဆိုခဲ့ခြင်းဖြစ်ပြီး ယနေ့ **“ပညာခေတ်”**တွင် ပိုမိုမှန်ကန်ကြောင်း တွေ့မြင်နေ ရသည်။ ခေတ်ရှေ့ပြေးသည့် အမြင်ပါ။ ဆရာ ဆရာမများ ယခုကဲ့သို့ မွမ်းမံသင်တန်းတက်ရင်း မိမိကိုယ်ကို ဖြည့်ဆည်းနေခြင်းသည် ပညာရေး သည် လူတစ်ဦးချင်း၏ ဘဝတိုးတက်မှုကို ပိုမို ဖော်ဆောင်နိုင်ပြီး လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးမှုဗဟို ချက်မ၌ ဆက်လက်ရပ်တည်နေနိုင်အောင် ကြိုးပမ်း နေကြခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးမှုတွင် **“ဆရာသည် ခေါင်းကိုင်သခင်များ”** ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံ၏ဖွံ့ဖြိုးမှုကို ဖော်ဆောင်သည်မှာ နိုင်ငံသားများပင်ဖြစ်သည်။ ဆောင်းပါးအစတွင် ဖော်ညွှန်းခဲ့သည့် စင်ကာပူဝန်ကြီးချုပ်၏စကား ကဲ့သို့တော်သလောက်ကောင်းသည့်နိုင်ငံသားများကို လေ့ကျင့်ပေးနေသည်မှာ ဆရာကောင်း၊ ဆရာမြတ် များပင်။ သို့ပါ၍ ဆရာသည် တပည့်များကို စာ သို့မဟုတ် ပညာရပ်တော်ရုံလောက်သာ သင်ပေး၊ လေ့ကျင့်ပေးမှုအဆင့်တွင် ရပ်မထားအပ်ပေ။ ဤအဆင့်သည် ဆရာ့တာဝန်ကျေပွန်မှု မလုံလောက်သေးပေ။ မိမိနှင့် တပည့်များသည် **“တိုင်းပြုပြည်ပြုနိုင်ငံသား”** ဖြစ်ကြသည်ဟူသည့် ခံယူချက်ရှိရမည်။ “တိုင်းဖျက်ပြည်ဆူစိတ်ထား ကင်းသူများ”ဖြစ်ရမည်။ ထို့အပြင် မိမိသည် လည်းကောင်း၊ မိမိ၏တပည့်သည်လည်းကောင်း ဤနိုင်ငံတွင်မွေး၍ ဤလူ့အဖွဲ့အစည်းတွင် ကြီးပြင်း ကာ ဤယဉ်ကျေးမှုနှင့် မွေ့လျော်ခွင့်ရခြင်းကိုလည်း အမြဲဂုဏ်ယူလိုစိတ် ရှိစေရပေမည်။

ထိုဂုဏ်ယူစိတ်နှင့်အပြိုင် ဤမြေ၊ ဤရေ၊ ဤလူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုတို့သည် ဂုဏ်ယူ ထိုက်၊ ဂုဏ်ယူစရာဖြစ်အောင် အမြဲကြိုးပမ်းနေရေး သည် နိုင်ငံသားဖြစ်သည့် မိမိတို့ ဆရာများနှင့် မိမိတို့ဆရာများက လေ့ကျင့်သင်ကြားပေးလိုက် သည့် နိုင်ငံသားတပည့်များ၏ **“ကောင်း”** သလောက် **“တော်”** မှုအပေါ်တွင် မူတည်နေပေသည်ဟူသည့် နိုင်ငံတည်ဆောက်ရေးခံယူချက်ဖြင့် သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်ရမည်။ နောက်ဆုံးတွင် ဆရာတပည့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားမှုအပေါ် တွင် နိုင်ငံ၏ အခြေတင့်မှု၊ မတင့်မှုသည် တည်မှီ နေပါသလားဟူသည့် **“တိုင်းပြုပြည်ပြု နိုင်ငံရေး အမြင်ကျယ်မှု”** ရှိသော **“ထာဝရကျောင်းသားကြီး များဘဝ”**ကို ခံယူထားကြသူများအဖြစ် ဆရာဘဝ ကို ရပ်တည်နိုင်သူများဖြစ်ရမည်။

သို့အတွက် အစဉ်လေ့လာနေပြီး အမြဲတမ်း မိမိ ကိုယ်ကို အရည်အသွေးမြင့်သည်ထက်မြင့်အောင် မြှင့်တင်နေကြသည့် မြတ်ဆရာ ဆရာမများဘဝကို အစဉ်ခံယူနိုင်ရန် နွေရာသီမွမ်းမံသင်တန်း တက်နေ ကြခြင်းဖြစ်သည်။ အဆိုပါနွေရာသီမွမ်းမံသင်တန်း သို့ လာရောက်သင်တန်းတက်ရောက်နေကြသည့် **“တိုင်းပြုပြည်ပြုဆရာ ဆရာမများ”** အား ဂုဏ်ပြု လျက် ယခုဆောင်းပါးကို ရေးသားလိုက်ရပါ သည်။ ။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ဘိုးဘွားသက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၈

၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယမန်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဘိုးဘွားသက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

**ပူဇော်ကန်တော့**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး(ယာပုံ)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂါရဝပြုကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဌာနဆိုင်ရာများမှ ထာဝရပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၀၀၁၉၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်ဥက္ကဋ္ဌ ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းခဲ့သည်။



ဆက်လက်၍ ကန်တော့ခံဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သခဲ့ပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းဆွေက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က ဌာနဆိုင်ရာများမှ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၀၉၂၁၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဇီဝိတဒါန ငါးနှင့်ငှက်လွှတ်ပွဲကို ယမန်နေ့နံနက် ၈ နာရီက ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ကန်တော်ကြီးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆုတောင်းမေတ္တာပို့သမှုဂါထာဖြင့် ရွတ်ဆိုဆုတောင်းမေတ္တာပို့သပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးနှင့်ငှက်များကို ကုသိုလ်ပြုဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဘားအံမြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်

ဘားအံ ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယမန်နေ့ ညနေပိုင်းတွင် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူအပေါင်း ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဝန်ကြီးများအိမ်ရာ၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်/ကျေးရွာအတွင်းရှိ လမ်းဆုံလမ်းခွများတွင် ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်ကြည်ညို၍ နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ အိမ်ရာ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ဇနီး ဒေါ်နန်းဘေဘီမြင့်နှင့် မိသားစုဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အိမ်ရာဝင်းအတွင်း နေထိုင်ကြသော မိသားစုဝင်များသည် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မူလဒွါရ)အမိတာရာမရဲကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရ အမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ပင့်ဖိတ်၍ ရဲကျောင်းတိုက်ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံမှ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် စတုဒိသာများ တည်ခင်း ဧည့်ခံကျွေးမွေးခြင်း၊ နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုခြင်းများကို ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၏ လမ်းဆုံလမ်းခွများ၊ နေအိမ်များရှေ့၌ မိသားစုအလိုက်၊ အစုအဖွဲ့များအလိုက် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# တိုက်ကြီးမြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

တိုက်ကြီး ဧပြီ ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးအခါသမယတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးဘိုးဘွားပူဇော်ပွဲကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် တိုက်ကြီးမြို့နယ် ဘူတာရပ်ကွက် ရန်ကုန်-ပြည်လမ်းဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ပူဇော်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များက ဘိုးဘွားများအား ကန်တော့ချိုးဖြင့်ရှိခိုးကန်တော့ကြပြီး အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၀ တို့အား အလှူငွေနှင့် ဂါရဝပစ္စည်းများဖြင့် ကန်တော့ကြရာ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းစကား ပြန်လည်ချီးမြှင့်ပြောကြားခဲ့သည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် တိုက်ကြီးမြို့နယ် မလေးရှားဝိုင် ကျေးရွာအုပ်စု မေတ္တာအေးကျေးရွာအနီးရှိ ဖူးကြီးရေလှောင်ကန်၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနား ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၊ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၀၀၊ တီလားဗီးယားငါးသားပေါက်ကောင်ရေ ၁၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၂၀၀ ကို ဇီဝိတဒါန ကုသိုလ်ပြုလွှတ်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း



# ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာသို့ သောက်သုံးရေများ လှူဒါန်း

ချောင်းဆုံ ဧပြီ ၁၈

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်ပြီး ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ သောက်သုံးရေများ ယနေ့နံနက်ပိုင်းက အခမဲ့ဖြန့်ဝေပေးခဲ့သည်။




အဆိုပါ သောက်သုံးရေများအခမဲ့ဖြန့်ဝေပေးခြင်းကို မွန်ပြည်နယ် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးဆောင်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်သုံးစီး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်သုံးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးဖြင့် စုစုပေါင်းရေဂါလန် ၁၂၁၀၀ ကို ကျေးရွာရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ရေရှားပါးသော အခြားကျေးရွာ/ ရပ်ကွက်များသို့လည်း ဆက်လက်အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မှော်ဘီမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

မှော်ဘီ ဧပြီ ၁၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယမန်နေ့နံနက် ၉ နာရီက မှော်ဘီမြို့နယ် မြို့ကျောင်းကျေးရွာအုပ်စု လှိုင်မြစ်အတွင်းသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်၊ ခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နန်းစုစုစံနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြတ်မြတ်သူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လှိုင်မြစ်အတွင်းသို့ ငါးကြင်းနှင့် ငါးကြီးမျိုးစေ့ သားပေါက်ကောင်ရေ ၁၂၀၀၀ ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

# မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ညစာဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ညစာဖြင့်တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့်အတူ တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှား Bloggers အဖွဲ့ခေါင်းဆောင်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းအတွင်းရေးမှူး Mr. Seferov Rushen နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ခရီးစဉ်နှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ရုရှားနိုင်ငံ Bloggers အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရုရှားနိုင်ငံ Bloggers အဖွဲ့ခေါင်းဆောင် Mr. Seferov Rushen ကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

အဆိုပါ ရုရှား Bloggers အဖွဲ့သည် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၏ စီစဉ်မှုဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ရုရှား Bloggers အဖွဲ့တွင် ရုရှားနိုင်ငံမှ ရုပ်ရှင်၊ ဂီတ၊ ဒီဇိုင်နာ၊ ပန်းချီနှင့် မီဒီယာပညာရှင်များပါဝင်ကာ မြန်မာနိုင်ငံသို့ မေ ၁၂ ရက်တွင် စတင်ရောက်ရှိခဲ့၍ နိုင်ငံအတွင်းရှိ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင် စသည့်မြို့များရှိ အထင်ကရနေရာများအား လေ့လာကြည့်ရှုခြင်း၊ မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခြင်းများ ဆောင်ရွက်ခဲ့သည်။ ၎င်းတို့သွားရောက်ခဲ့သည့် မြန်မာနိုင်ငံ၏အထင်ကရနေရာများနှင့် အတာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲခဲ့မှုများကို ၎င်းတို့နိုင်ငံရှိ Online Website များ၌ လွှင့်တင်ခြင်းများနှင့် ထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ထိုသို့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ အစားအသောက်များ၊ မြန်မာနိုင်ငံ၏ ရှုခင်းအလှအပများကို ရုရှားပြည်သူများ ပိုမိုသိရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ရုရှား Bloggers အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုသာမက ပြည်သူများအကြားချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေမည်ဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ် ချီဖွေခရိုင်အတွင်းရှိ ဝေးလံခက်ခဲသောဒေသများသို့ သွားရောက်၍ အခမဲ့ဆေးဝါးကုသမှုဆောင်ရွက်ပေးကြသူများအား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား မေ ၁၈

ကချင်ပြည်နယ် ချီဖွေခရိုင်အတွင်းရှိ ဝေးလံခေါင်သီပြီး သွားလာရခက်ခဲသော ကျေးရွာများအထိ စေတနာထက်သန်စွာဖြင့် ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသော ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းတို့အား ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို မေ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့ပြည်နယ်အတွင်း သွားလာရခက်ခဲပြီး ဝေးလံသောတောင်ပေါ်ဒေသနေ ဒေသခံတိုင်းရင်းသားများအား အခမဲ့ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသူများအားလုံးကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ချီဖွေမြို့နယ် ပန်ဝါမြို့ရှိ ဒေသခံပြည်သူများအား စေတနာထက်သန်စွာ အခမဲ့ဆေးဝါးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော အမှတ်တရ ဂုဏ်ပြုလက်ဆောင်တို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ချီဖွေမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဇခုန်ယိန်းဆောင်ကလည်း အမှတ်တရ လာချိဒ်ရိုးရာဆောင်ခဲနှင့် ရိုးရာအဝတ်အထည်များကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။



အဆိုပါ ချီဖွေခရိုင်အတွင်း ဝေးလံခက်ခဲသော ဒေသများရှိ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်းလုပ်ငန်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာ လှိုင်လှိုင်ငွေနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ရန်ကုန်မြို့မှ အထူးကုဆရာဝန်များ၊ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒူဝါဒေါက်တာဘွမ်ယွန်နှင့် အဖွဲ့ဝင်များက မြစ်ကြီးနားမြို့မှ မေ ၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် စုဖွဲ့၍ ထွက်ခွာခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က လိုက်ပါပို့ဆောင်ခဲ့ကြပြီး ခရီးစဉ်အဆင်ပြေချောမွေ့စေရေး ဆုတောင်းအားပေးစကား ပြောကြားခြင်းနှင့် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

ဟုမ္မလင်း မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ချင်းတွင်းမြစ်ကမ်းဘေး၌ ယမန်နေ့ နံနက် ၇ နာရီက ချင်းတွင်းမြစ်ကမ်းဘေးတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဟုမ္မလင်းခရိုင် တပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းထွန်းဦးနှင့် ဇနီး၊ ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် ဇနီး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းချမ်းဟိန်း၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး မျိုးမင်းကို၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် ဇနီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဇနီး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းလင်းထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ပြီး ချင်းတွင်းမြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၊ စုစုပေါင်းကောင်ရေ ၂၅၀၀၀ အား ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ကြောင်း သိရသည်။




သတင်းစဉ်

## ဥကပ်နေသောရေချိုပုစွန်ထုပ်ကြီးများကို ဘေးမဲ့ပေးရန်နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီလ၊ မေလနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်ထုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်ထုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည် ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဧပြီလ၊ မေလနှင့် ဇွန်လများတွင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက “ရေချိုငါးလုပ်ငန်းဥပဒေ”ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်ထုပ်ကြီးများ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသော ရေချိုပုစွန်ထုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ခန္တီးမြို့တွင် အကျဉ်းသား၊ အကျဉ်းသူ ၅၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ခန္တီး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ယမန်နေ့ နံနက် ၉ နာရီခွဲက အကျဉ်းဦးစီးဌာန ခန္တီးအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများအနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၂၈/၂၀၂၂ ဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူ အကျဉ်းသား ၅၁ ဦး၊ အကျဉ်းသူ လေးဦး စုစုပေါင်း ၅၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။



ရှေးဦးစွာ ခန္တီးအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးဇော်မျိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အမိန့်စာအား ဖတ်ကြားခဲ့ပြီး ခန္တီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးဇော်မောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဇော်ထိုက်တို့က လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူများကို ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ပြီး တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသည့် အကျဉ်းသားများကို ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

■



# ဆားမလောက် စိုက်/မွေးစခန်း၌ အကျဉ်းသား ခုနစ်ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ညောင်တုန်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဆားမလောက်ကျေးရွာ စိုက်/မွေးစခန်းရှိ အကျဉ်းသား ခုနစ်ဦးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၂၈/၂၀၂၂)၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက စခန်း၏ရှင်းလင်းဆောင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စခန်းတာဝန်ခံဦးစီးအရာရှိ ဦးတင့်ဆွေဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂)ဦးဇော်လွင်၊ ဆားမလောက်ရဲကင်းစခန်းမှူး ရဲအုပ်ဇော်ထက်ဟန်နှင့် တာဝန်ရှိသူတို့က အကျဉ်းသားများအား တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်များ၊ ခရီးစရိတ်ငွေများ၊ ထောက်ပံ့ငွေများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့အကျဉ်းထောင်မှ အကျဉ်းသားငါးဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မုံရွာ မေ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနှစ်သစ်မင်္ဂလာ အခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား ငါးဦးကို မေ ၁၇ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ရဲမှူးလှမြင့်၊ မုံရွာအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်နှင့် တာဝန်ရှိသူများက ပြစ်ဒဏ်




လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမစကားပြောကြားပြီး ထောင်ထွက်လက်မှတ်များ၊ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ခရီးစရိတ်ငွေ၊ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကလေးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၆ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ကလေး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အကျဉ်းဦးစီးဌာန ကလေးအကျဉ်းထောင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ( ၂၈/၂၉/၂၀၂၂ )အရ အကျဉ်းသား အမျိုးသား၂၃ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၂၆ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ အကျဉ်းဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးမြင့်ဝေနှင့် တာဝန်ရှိသူတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်ကြသည့် အကျဉ်းသား/အကျဉ်းသူများကို ဆုံးမဩဝါဒစကား ပြောကြားခဲ့သည်။

ထို့နောက်ကလေးအကျဉ်းထောင်မှလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းက အမှာစကားပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား အကျဉ်းသူတစ်ဦးချင်းစီကို ထောင်လွတ်လက်မှတ်နှင့် စားစရိတ်/ခရီးစရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လားရှိုးအကျဉ်းထောင်မှ အကျဉ်းသား ၁၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**လားရှိုး မေ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၂၈/၂၀၂၂ အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား လွှတ်ပေးသည့် အခမ်းအနားကို မေ ၁၇ ရက်က လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံတွင် ပြုလုပ်ရာ လားရှိုးအကျဉ်းထောင်မှ အကျဉ်းသား ၁၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး အောင်မြင့်နိုင်နှင့် လားရှိုးခရိုင်ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းတို့က ဆုံးမဩဝါဒစကား ပြောကြားခဲ့ကြကြောင်း သိရသည်။

**စိုင်းထွန်း (လားရှိုး)**

# ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၄ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ထားဝယ် မေ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူ ၁၄ ဦးအား ယမန်နေ့နံနက်ပိုင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့နောက် အကျဉ်းသား ၁၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား အကျဉ်းသူများအား တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်လင်းနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြားခဲ့ကြပြီး သတ်မှတ်ခရီးစရိတ်များအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**





# မအူပင်မြို့အကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မအူပင် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းဦးစီးဌာနတွင်ယမန်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်ဖြင့်လည်းကောင်း၊ ပြည်သူလူထု နှစ်လုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံမည်ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် အကျဉ်းသား နှစ်ဦးကို တာဝန်ရှိသူများရှေ့တွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# EV ပေါ်လစီမှသည် ပြည်သူ့အကျိုးစီးပွားဆီ

**လျှပ်စစ်သုံးယာဉ် (Electric Vehicle–EV) များ မြန်မာနိုင်ငံအတွင်းဖွံ့ဖြိုးစေရန် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို နိုင်ငံတော်အဆင့်ဖွဲ့စည်းပြီး ပေါ်လစီများချမှတ်ကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။**

ရဲရင့်ကြေးမုံ

ယခုအခါ လျှပ်စစ်သုံးယာဉ်(Electric Vehicle–EV) များ စနစ်တကျတင်သွင်းစေခြင်း၊ Charging Station များ တည်ဆောက်ခြင်းတို့ဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် EV ပေါ်လစီသည် အသက်ဝင်နေပြီဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ရေးဆွဲပြုစုထားပြီးဖြစ်သည်။ ထို့ပြင် EV ယာဉ်များကို ပြည်ပမှ တင်သွင်းမှုပြုရာမှသည် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည်အထိ ရေရှည်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း ဖော်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတွက် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိုလည်း ဦးဆောင်ကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**EV များကို အမျိုးအစားခွဲခြား**

EV ယာဉ်များသည် Battery မှ သိုလှောင်ထားသည့် လျှပ်စစ်ဓာတ်အားဖြင့် မော်တာကို အသုံးပြုပြီး လည်ပတ်မောင်းနှင်ရွေ့လျားစေသော ယာဉ်အမျိုးအစားဖြစ်သည်။ EV များကို အမျိုးအစားခွဲခြားလေ့လာကြည့်သည့်အခါ Battery Electric Vehicle(BEV)၊ Hybrid Electric Vehicle(HEV)၊ Plugin Hybrid Electric Vehicle(PHEV) နှင့် Fuel Cell Electric Vehicle (FCEV) ဟူ၍ ယေဘုယျအားဖြင့် အမျိုးအစား လေးမျိုးရှိသည်။



Essential Motors Co.,Ltd. က တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ မတ် ၃၀ ရက်က ရောက်ရှိလာစဉ်။

> **လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် (BEV) များကို ၂၀၁၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှစတင်၍ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ သုညရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုထားသည့်အပြင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် လျှပ်စစ်သုံးယာဉ်များအပေါ် ၂၀၂၃ - ၂၀၂၅ ခုနှစ်အထိ ၁၀၀ ရာခိုင်နှုန်း ဘီးခွန်ကင်းလွတ်ခွင့်၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ အရောင်းပြခန်း၊ လုပ်ငန်းလိုင်စင်၊ ညအိပ်ခ၊ ပစ္စည်းခွန်တို့ ကင်းလွတ်ခွင့်ပြုသွားမည်**

လျှပ်စစ်သုံးယာဉ်များ၊ အားသွင်းစက်များနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းထုတ်လုပ်လိုပါက သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် ဦးဆောင်ကော်မတီထံ အဆိုပြုလွှာများ တင်သွင်းရမည်ဖြစ်သည်။ ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့်ပုံစံ၊ တင်သွင်းထုတ်လုပ်အသုံးပြုမည့် ယာဉ်အမျိုးအစား၊ မူရင်းထုတ်လုပ်သည့်ကုမ္ပဏီနှင့် ဆက်သွယ်ထားရှိမှု၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ အရည်အသွေးပိုင်းဆိုင်ရာနှင့် စံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များ၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုပေးမည့် အစီအစဉ်၊ အများပြည်သူသုံး Level 3 သို့မဟုတ် Level 2 အဆင့် အားသွင်းစက်များ ဆောင်ရွက်ပေးနိုင်မည့်အစီအမံများကို အဆိုပြုလွှာတွင် ပြည့်ပြည့်စုံစုံ ဖော်ပြထားရမည်ဖြစ်သည်။

ထိုသို့ မူဝါဒများနှင့်အညီ အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီများကို ဦးဆောင်ကော်မတီသည် တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည့် ကုမ္ပဏီများကို ခွင့်ပြုပေးလျက်ရှိသည်။ ထိုသို့ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့်ကုမ္ပဏီများသည် သွင်းကုန်လိုင်စင်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာစံချိန်စံညွှန်းများ၊ အထောက်အထားများကို ဦးဆောင်ကော်မတီထံ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက စိစစ်ပြီး စံချိန်စံညွှန်းများ၊ အထောက်အထားများ ပြည့်စုံပါက ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လိုင်စင်ထုတ်ပေးသွားမည်ဖြစ်သည်။

EV ယာဉ်များ တင်သွင်းရောက်ရှိလာပါက သွင်းကုန်ပါမစ်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက်၊ ကြိုတင်ဝင်ငွေခွန်ဆောင်ပြီးကြောင်း အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံမှန်ကန်မှုရှိပါက ကနဦးမှတ်ပုံတင်ခ ပေးသွင်းကာ မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များကို ထုတ်ပေးလျက်ရှိသည်။

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများအတွက် အခွန်နှင့်ပတ်သက်သည့် သက်သာခွင့် အစီအစဉ်များကို ဦးဆောင်ကော်မတီက ခွင့်ပြုထားပြီးဖြစ်သည်။ လက်ရှိ ကနဦးစီမံကိန်းကာလတွင် Battery Electric Vehicle(BEV) အမျိုးအစားကို တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။ ယင်းယာဉ်အမျိုးအစားအတွက် မြန်မာ့အကောက်ခွန် စာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးထားကြောင်း သိရသည်။ လျှော့ချသတ်မှတ်မှု အကျုံးဝင်သည့် Battery Electric Vehicle(BEV) ယာဉ်အမျိုးအစားများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်–

(က) လမ်းမပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကိုဆွဲသည့်ယာဉ် (Road tractor for semi–trailer)
(ခ) ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်မော်တော်ယာဉ်(Bus)(Motor Vehicles for the transport of ten or more person including the driver)
(ဂ) ကုန်တင်ယာဉ်(Truck)
(ဃ) လူစီးယာဉ်(Motor Vehicles for the trans–port of person)
(င) သုံးဘီးတပ်ယာဉ်(လူစီး)(Three–Wheeled Vehicles for transport of person)
(စ) သုံးဘီးတပ်ယာဉ်(ကုန်တင်)(Three–Wheeled Vehicles for transport of Goods)
(ဆ) လူစီးနှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle)
(ဇ) လူစီးနှစ်ဘီးတပ်လျှပ်စစ်စက်ဘီး (Electric Bicycle)
(ဈ) လူနာတင်ယာဉ်(Ambulances)
(ည) ထောင်ကား(Prison Vans)
(ဋ) နိဗ္ဗာန်ယာဉ်(Hearses)

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် (BEV) များကို ၂၀၁၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှ စတင်၍ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ သုညရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုထားသည့်အပြင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ အနေဖြင့် လျှပ်စစ်သုံးယာဉ်များအပေါ် ၂၀၂၃–၂၀၂၅ ခုနှစ်အထိ ၁၀၀ ရာခိုင်နှုန်း ဘီးခွန်ကင်းလွတ်ခွင့်၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ အရောင်းပြခန်း၊ လုပ်ငန်းလိုင်စင်၊ ညအိပ်ခ၊ ပစ္စည်းခွန်တို့ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန် – မန္တလေးအမြန်လမ်း၊ B.O.T စနစ်ဖြင့် ဆောင်ရွက်သောလမ်း၊ ကျန်ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်လမ်းများတွင် လျှပ်စစ်သုံးယာဉ်များအတွက် လမ်း၊ တံတား အသုံးပြုခများကို ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ နှစ်နှစ်တာကာလ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သည်။

လက်ရှိတွင် EV ယာဉ်များ နိုင်ငံအတွင်း တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်စေရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိကာလကို ကနဦး ရှေ့ပြေးစီမံကိန်းကာလအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ကနဦးစီမံကိန်းကာလတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသည့်ကုမ္ပဏီများက တင်ပြသည့် အဆိုပြုလွှာများကိုစိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ အများသုံး Level 3 အဆင့် DC Fast Charging Station များ တည်ဆောက်နိုင်ရေး၊ After Sale Service လုပ်ငန်းများ ရေရှည်အာမခံစနစ် တည်ရှိရေး၊ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်အစီအမံများချမှတ်ကာ ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းကော်မတီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**Charging Station များ ၁၉ နေရာတွင် ဆောင်ရွက်**

ကနဦးစီမံကိန်းကာလအတွင်း Charging Station များကို နေပြည်တော်တွင် လေးနေရာ၊ ရန်ကုန်မြို့တွင် ငါးနေရာ၊ မန္တလေးမြို့တွင် ငါးနေရာနှင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ငါးနေရာ စုစုပေါင်း ၁၉ နေရာတွင် ဆောင်ရွက်သွားရန် ကုမ္ပဏီကိုးခုကို တာဝန်ပေးအပ်ထားကာ တည်ဆောက်မှုလုပ်ငန်းများကို မတ်လအတွင်း ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

လက်ရှိ တည်ဆောက်နေသည့် Charging Station များသည် ကနဦးစီမံကိန်းအရ ဆောင်ရွက်နေခြင်းဖြစ်ပြီး EV ယာဉ်များ တစ်နိုင်ငံလုံး ပြေးဆွဲအသုံးပြုနိုင်ရန်အတွက် အဓိကလမ်းမကြီးများဖြစ်သည့် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်–ပြည်လမ်း၊ ရန်ကုန်–ပုသိမ်လမ်း၊ ဘုရားကြီး–သထုံ–မော်လမြိုင်လမ်း၊ မိတ္ထီလာ–ကျောက်ပန်းတောင်း–ညောင်ဦးလမ်း၊ မိတ္ထီလာ–တောင်ကြီးလမ်း၊ မန္တလေး – ပြင်ဦးလွင် – လားရှိုးလမ်း စသည့် နိုင်ငံ၏အသက်သွေးကြော လမ်းမကြီးများပေါ်တွင် Charging Station များ တည်ဆောက်သွားနိုင်ရေး ကြိုတင်လေ့လာမှုများ ဆောင်ရွက်ထားပြီးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ကမ္ဘာတစ်ဝန်းတွင်းထွက်လောင်စာများ အသုံးပြုမှုကြောင့် ရာသီဥတုပြောင်းလဲလာမှုကို ကျော်လွှားနိုင်ရန် အဖြေရှာလာကြပြီဖြစ်သည်။ ထို့အတွက် လောင်စာဆီသုံးစွဲသည့်ယာဉ်များမှ အဆိပ်သင့်ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချနိုင်ရန် လျှပ်စစ်ကားသုံးစွဲမှုမူဝါဒများ ချမှတ်ဆောင်ရွက်လာကြပြီဖြစ်သည်။ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း EV ယာဉ်နှင့် သက်ဆိုင်သည့် မူဝါဒများကို ချမှတ်ထားပြီး စနစ်တကျဖော်ဆောင်နေပြီဖြစ်သည်။ သို့ဖြစ်ရာ ဖော်ဆောင်လျက်ရှိသည့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်အညီ လုပ်ငန်းများလျင်လျင်မြန်မြန် ရှေ့သို့တိုးတက်လုပ်ဆောင်ရင်းဖြင့် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၉၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇–၄–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၄–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉)ဦးအနက် (၆)ဦး၊ (၆၆.၇) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၃) ဦး၊ (၃၃.၃) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၁၈–၄–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၆) ဦး | (၆၆.၇) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၃) ဦး | (၃၃.၃) % |
| **စုစုပေါင်း** | **(၉) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၃၄,၂၂၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၁၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၆၃၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အမ်းမြို့ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းတိုက်အတွင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၈**

ရခိုင်ပြည်နယ် အမ်းမြို့ရှိ မြို့ဦးဘုန်းတော်ကြီး ကျောင်းတိုက်အတွင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရန်အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/ တပ်ဖွဲ့များမှ စုပေါင်းလှူဒါန်းသည့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက အဆိုပါကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/ တပ်ဖွဲ့များက စုပေါင်းလှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၃၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ဇယ်စေတီတော်အား (၁၀၆)ကြိမ်မြောက် မီးကပ်လှူပူဇော်ပွဲ ကျင်းပ

**မော်လမြိုင် ဧပြီ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့၌ ဆံတော်ရှင် ကျိုက်ဇယ်စေတီတော်အား (၁၀၆)ကြိမ်မြောက် မွန်ရိုးရာမီးကပ်လှူပူဇော်ပွဲကို ၁၃၈၅ ခုနှစ် နှစ်ဆန်းတစ်ရက် ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



မုဒုံမြို့နယ် ကမာဝက်မြို့ သိမ်ကုန်းရပ်ကွက်ရှိ ကျိုက်ဇယ်စေတီတော်အား မီးကပ်လှူပူဇော်ရန်အတွက် မြို့ပေါ်ရှိ ကမာဝက်၊ ထောင်ကေး၊ သိမ်ကုန်း၊ စိန်တောင်နှင့် ဂုံညင်းတန်းရပ်ကွက်များမှ ဒေသခံပြည်သူများက ဖယောင်းတိုင်မီး ထွန်းညှိထားသည့် မီးပန်းများကိုင်ဆောင်၍ ကျိုက်ဇယ်စေတီတော်သို့ တန်းစီးသွားကြပြီး စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည်၍ ဖယောင်းတိုင်မီးများ ကပ်လှူပူဇော်ခဲ့ကြသည်။

စေတီတော်သို့ သွားရာလမ်းတစ်လျှောက်တွင် ပြည်သူများက အလှူငွေများ လှူဒါန်းခြင်း၊ ရိုးရာ အကအလှများ ဖျော်ဖြေခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။ အဆိုပါ မီးပူဇော်ပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်တွင် ရိုးရာအစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ကြေးမုံ စာအုပ်စင်

# လူထုသိပ္ပံကျမ်း (အတွဲ ၂) စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဧပြီ ၁၈**

သိပ္ပံပညာသည် အသိဉာဏ်မည်သည်။ သိပ္ပံပညာရပ်များသည် ပညာရပ်အလိုက် လူကို အသိဉာဏ်ပေးကြသည်။ လူ့ဘဝတွင် နေ့စဉ်နှင့်အမျှ ပြဿနာများနှင့် ကြုံတွေ့ရသည့်အခါ ဖြေရှင်းရန်အတွက် အသိဉာဏ်ကို အသုံးပြုရသည်။ ထိုအသိဉာဏ်များ တိုးတက်ပွားများစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) သည် "လူထုသိပ္ပံကျမ်းတွဲများ"ကို ဘာသာပြန်ဆို ထုတ်ဝေခဲ့ရာ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း လူထုသိပ္ပံကျမ်း အတွဲ ၁ မှ ၉ အထိ ထုတ်ဝေခဲ့သည်။

ယခုအခါ ထိုခေတ်အခါက လူထုသိပ္ပံကျမ်းများကို ယနေ့ခေတ်ပြည်သူလူထု သိရှိလေ့လာနိုင်ရန် အလို့ငှာ စာပေဗိမာန်က ပြန်လည်ထုတ်ဝေလိုက်ပါသည်။ ထိုစဉ်က ဝေါဟာရ အသုံးအနှုန်းများနှင့် အသံဖလှယ်မှု(Transliteration) ပညာရပ်ကို မျိုးဆက်သစ်များ ဗဟုသုတရစေရန်အတွက် စာလုံးပေါင်းသတ်ပုံများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်သည်မှအပ စကားလုံးအများစုကို မူရင်းအတိုင်း ပြန်လည်ဖော်ပြထားပါသည်။

"လူထုသိပ္ပံကျမ်း(အတွဲ ၂)"တွင် စာစုပေါင်း ၉ စုပါဝင်ပြီး စကြဝဠာ၊ ကမ္ဘာမြေ၊ ဘဝ အကြောင်းရပ်၊ ကမ္ဘာ့အပင်၊ ကမ္ဘာ့တိရစ္ဆာန်၊ လူ၊ ဒြပ်နှင့် စွမ်းအင်၊ စက်မှုလက်မှုနှင့် လူ့အဖွဲ့အစည်း စသည်တို့အကြောင်းကို ဖော်ပြထားပါသည်။

"လူထုသိပ္ပံကျမ်း (အတွဲ ၂)" စာအုပ်ကို ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)က ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ပြန်လည်ထုတ်ဝေခြင်းဖြစ်ပါသည်။

စာအုပ်တွင် စာမျက်နှာ ၁၉၈ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ်(၅၂၉–၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈)၊ အမှတ် (တ–၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆)တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံရေးရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို အရှိန်မြှင့်လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချ



**မနီလာ ဧပြီ ၁၈**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က နိုင်ငံရေးရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို အရှိန်မြှင့်လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချခဲ့ကြောင်းနှင့် အဆိုပါ နိုင်ငံရေးရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးတရားမဝင်ကုန်သွယ်မှုတို့သည် နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကြီးမားဆုံး ခြိမ်းခြောက်နေကြောင်း ပြောကြားသည်။

သမ္မတနန်းတော်၌ ပြုလုပ်သည့် အမျိုးသားနှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် အစည်းအဝေးတွင် ယမန်နှစ် ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆူပူအကြမ်းဖက်မှုများ များပြားလာပြီး အခြေအနေပိုမိုဆိုးရွားလာသည်ဟု လူအများက ယူဆလာကြကြောင်းသမ္မတ ဖာဒီနန် မားကို့စ်က မှတ်ချက်ပြု ပြောကြားခဲ့သည်။

နိုင်ငံအတွင်း အကြမ်းဖက်မှုများကို မီးထိုးပေးနေသည့် တရားမဝင်လက်နက်များ ပြန့်ပွားနေခြင်းကို ကိုင်တွယ်ဖြေရှင်းရန်လည်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန် မားကို့စ်က အမျိုးသားနှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကောင်စီအား ညွှန်ကြားခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်သမ္မတ မားကို့စ်သည် ပြီးခဲ့သည့်လအတွင်းက ၎င်း၏နိုင်ငံရေး မဟာမိတ် ရိုယယ်ဒီဂါမို လုပ်ကြံခံရခြင်း အပါအဝင် ပြီးခဲ့သည့်လများအတွင်း နိုင်ငံရေးသမားများ အသတ်ခံရမှုများပြားလာစဉ် အဆိုပါညွှန်ကြားချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# Yahoo Japan ကုမ္ပဏီက မျက်နှာသွင်ပြင်မှတ်သားမှု နည်းပညာဖြင့် ငွေပေးချေနိုင်ရန် ဆောင်ရွက်

**တိုကျို ဧပြီ ၁၈**

Yahoo Japan ကုမ္ပဏီသည် ကုန်ပစ္စည်း ဝယ်ယူသူများကို ငွေသား၊ အကြွေးဝယ်ကတ်များ သို့မဟုတ် မိုဘိုင်းဖုန်း ယူဆောင်လာရန် မလိုအပ်ဘဲ ဈေးဝယ်ထွက်နိုင်မည့် နည်းစနစ်တစ်ခုကို စမ်းသပ်နေသည်။

ယခု ကုန်ပစ္စည်းဝယ်ယူရေးနည်းစနစ်တွင် ကုန်ပစ္စည်းဝယ်ယူသူများသည် ၎င်းတို့၏ မျက်နှာသွင်ပြင်ဖြင့် သတ်မှတ်ထားသည့် စမတ်ဖုန်းဝက်ဘ်ဆိုဒ်တွင် မှတ်ပုံတင်ပြီးနောက် ကိုယ်ပိုင်လူမှုမီဒီယာ အကောင့်များမှတစ်ဆင့် ပဏာမ ငွေပေးချေမှုကို ဆောင်ရွက်နိုင်သည်။

ကုန်ပစ္စည်း ဝယ်ယူသူများသည် ကုန်ပစ္စည်းများ၏ ဘားကုဒ်များကို စကင်န်ဖတ်ပြီးနောက် ၎င်းတို့၏မျက်နှာများကို မှတ်တမ်းတင်သည့် ကိရိယာသို့ ပြသရမည်ဖြစ်ပြီး ၎င်းဧရိယာတွင် မှတ်ပုံတင်ထားသော ဓာတ်ပုံ၏ ပုံနှင့်ကိုက်ညီသောအခါ ငွေပေးချေမှုသည် အတည်ဖြစ်မည်ဖြစ်သည်။

မျက်နှာသွင်ပြင်ဖတ်ရှုသည့် စနစ်အသုံးပြုခြင်းဖြင့် ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်း လက်လီရောင်းချရေးလုပ်ငန်းတွင် လုပ်သားရှားပါးမှုကို လျှော့ချနိုင်မည်ဟု ကုမ္ပဏီတာဝန်ရှိသူများက မျှော်လင့်ထားသည်။

တိုကျိုမြို့ရှိ Yahoo Japan ကုမ္ပဏီ၏ ဆိုင်ခွဲတစ်ခုတွင် အဆိုပါနည်းပညာ အသုံးပြု၍ အစားအသောက်နှင့် နေ့စဉ်သုံးပစ္စည်းများကို ရောင်းချသည့် ဝန်ဆောင်မှုကို စတင်စမ်းသပ်နေပြီဖြစ်သည်။

Yahoo Japan ၏ အကြီးတန်းမန်နေဂျာ Yoshioka Tomohiko က အဆိုပါစနစ်သုံးစွဲခြင်းဖြင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

မိမိကုမ္ပဏီ၏ စတိုးဆိုင်များနှင့် စူပါမားကက်ဆိုင်ခွဲများတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၎င်းနည်းပညာကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း Yahoo Japan က ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသ၌ ဆန်စက်ပြိုကျ

**နယူးဒေလီ ဧပြီ ၁၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ယမန်နေ့ညက ဆန်စက်ပြိုကျခဲ့ရာ လေးဦးသေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဆန်စက်သည် သုံးထပ်အဆောက်အအုံဖြစ်ပြီး အခင်းဖြစ်ချိန်တွင် သေဆုံးသူနှင့်ဒဏ်ရာရရှိသူ အလုပ်သမားများမှာ ဆန်စက်အတွင်း အိပ်ပျော်နေကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယခုမတော်တဆမှုသည် မြောက်ပိုင်း ဟာနာရာပြည်နယ် ကာနဲခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ၎င်းဒေသတွင် ဆန်စက်အများအပြားတည်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ အခင်းဖြစ်နေရာမှ လူ၁၀၀ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ဆန်စက်အတွင်း ပိတ်မိနေသူအများအပြားရှိနေကြောင်း သိရသည်။ အဆိုပါ မတော်တဆမှုနှင့် စပ်လျဉ်း၍ ဆန်စက်ပိုင်ရှင်ကို ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနှင့် ရုရှားတို့က စီးပွားရေးဆိုင်ရာဆက်ဆံရေးတိုးမြှင့်ရန် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲစတင်

**နယူးဒေလီ ဧပြီ ၁၈**

အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား စစ်ဆင်ရေးဆင်နွှဲခဲ့သည့်အတွက် မော်စကိုကို အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာဆက်ဆံရေး တိုးမြှင့်ရန် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲများကို စတင်ခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အိန္ဒိယနိုင်ငံ၏ မြို့တော်နယူးဒေလီ၌ ဧပြီ ၁၇ ရက်က ပြုလုပ်ခဲ့သည့် အဆိုပါ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲသို့ ရုရှားကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံလုံးသည် ကုန်သွယ်ရေး စာချုပ်တစ်ရပ်နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများကို အရှိန်မြှင့်လုပ်ဆောင်ရန် စိတ်အားထက်သန်ကြောင်းလည်း ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ရုရှားရေနံကို အများဆုံး ဝယ်ယူသည့်နိုင်ငံ ဖြစ်လာသည်။

မတ်လအထိ ပါဝင်သည့် ၁၂ လတာကာလအတွင်း ရုရှားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်သွင်းသည့် သွင်းကုန်ပမာဏသည် ယခင်နှစ်ကထက် လေးဆနီးပါးတိုးလာကြောင်းနှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် စစ်လက်နက်ပစ္စည်းများကို ဆယ်စုနှစ်ပေါင်းများစွာ အကြီးမားဆုံး အထောက်အပံ့ပေးခဲ့သည့် ရုရှားနိုင်ငံနှင့် တိုးလာနေသော ကုန်သွယ်မှုလိုငွေကို လျှော့ချရန် လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**




# အာရှဖွံ့ဖြိုးရေးဘဏ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရေကြီးရေလျှံမှု ပြန်လည်ထူထောင်ရေးဆိုင်ရာ ချေးငွေပေးအပ်



**ဒါကာ ဧပြီ ၁၈**

အာရှဖွံ့ဖြိုးရေးဘဏ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့မြောက်ပိုင်း၌ ယမန်နှစ်ကဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချေးငွေအမေရိကန်ဒေါ်လာ သန်း၂၃၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချေးငွေပေးအပ်မှုဆိုင်ရာ သဘောတူညီချက်ကို ယမန်နေ့က ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က လက်မှတ်ရေးထိုးခဲ့သည်။ နိုင်ငံအရှေ့မြောက်ပိုင်းရှိ ခရိုင်များဖြစ်သည့် Brahmanbaria၊ Habiganj၊ Kishoreganj၊ Moulvibazar၊ Mymensingh၊ Netrokona၊ Sherpur၊ Sunamganj နှင့် Sylhet တို့၌ ရေကြီးရေလျှံမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး အတွက် ၎င်းချေးငွေကို သုံးစွဲသွားမည်ဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီ အထူးရန်ပုံငွေမှ ဒေါ်လာတစ်သန်းကိုလည်း နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုဆိုင်ရာ အကောင်အထည်ဖော်နေသော အေဂျင်စီများအား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်တည်ဆောက်ရေး၊ ရေလွှမ်းမိုးမှုအန္တရာယ် ကြိုတင်စီမံခန့်ခွဲမှုနှင့် ကြိုတင်သတိပေးစနစ် အားကောင်းလာစေရေးတို့အတွက် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထပ်မံပံ့ပိုးပေးမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် မေလမှ ဇွန်လအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် စံချိန်တင် မိုးရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်း Haor ဒေသတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံ လူသန်းပေါင်းများစွာ ထိခိုက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "ဇင်းကျိုက်ဘုတာမှ ပုဇွန်တောင်ဘုတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထားကျောက်ရထားကို NUG၊ CRPHတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတိုက်ခိုက်ခဲ့မှု" ခေါင်းစဉ်ဖြင့် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် " စစ်ကိုင်းမြို့နယ်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ရေကစားနေသည့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကလေးသူငယ်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန တာဝန်ကျစစ်ဆေးရေးအဖွဲ့က သတင်းအရ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်းအား ရှောင်ကွင်း၍ ဘယ်လင်း-စွန်ရဲ-ရဲရွာ-ကဗျူး-သံတောင်-ရွှေချောင်း-ပြင်စာလမ်းပိုင်းရှိ (၃၁ ဒသမ ၅) ကီလိုမီတာမှတ်တိုင်အနီးတွင် ပီနံအိတ်များဖြင့် ထည့်ထားသည့် ကျောက်တုံးဆိုဒ်စုံ သုံးထုပ်၊ ကျောက်တုံးအသေးရောနှော ၃၃ အိတ်တို့ကို စိစစ်တွေ့ရှိသဖြင့် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ ၆၀ ကီလိုဂရမ်နှင့် အလှဆင်ကျောက်ဟုယူဆရသော အနီရောင်ကျောက်မှုန့်နှင့် ကျောက်တုံးအသေးရောနှော ၁၅၈၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ပဲခူးမြို့သို့ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် M-150 အချိုရည်ဖာ ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော Toyota Hiace တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်နိုင်ငံမှ ရောက်ရှိလာသော လေယာဉ်တစ်စင်းပေါ်ရှိ ခရီးသည်ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Professional Wireless Intercom ၁၂ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့်မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေတာရှည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၇ ဒသမ ၆၀၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၆၅၆၅၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက်ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိ မြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၂ ဒသမ ၇၆၀ တန်နှင့် မီးသွေး ၃ ဒသမ ၃၃၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၅၂၂၁၇)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၅၇၈၇၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ငွေကျပ် သိန်း ၆၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလို သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ငွေကျပ်သိန်း ၆၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မန္တလေးမှ ဟိုပင်ဘက်သို့ မြင့်ဇော်ဦး(ခ)ဝင်းလွင် မောင်းနှင်ပြီး ရန်နိုင်မိုး(ခ)ကိုမိုး လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဆပ်ပြာခွက် ၁၀၈၀ ဖြင့်ထည့်လျက် ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၆၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူအလေးချိန် ၂၇ ဒသမ ၇၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို ရှမ်းပြည်နယ်မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၅-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ 'သတ္တဌာနဖူးကြစုံညီဟံသာဝတီဗုဒ္ဓဂါယာ ဗောဓိရွှေဂူကြီးဘုရားဆီ'
- ၀၈:၃၅ 'ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရေးတစ်နိုင်တစ်ပိုင် ထုတ်လုပ်မှုဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေး
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ 'ကူညီအားဖြည့် အပြုံးတွေအသစ်'
- ၁၁:၃၀ 'ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်'
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရန့်လွင့်ပျံ့အမုန်း**' (အပိုင်း-၉၁)
- ၁၃:၀၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ယုံကြည်ရာလမ်း**' (အပိုင်း-၂၇)
- ၁၅:၃၀ 'Weekly Soccer Preview'
- ၁၆:၄၅ အသိပညာနှင့်အမုန်တရား
- ၁၇:၃၅ '**ဖွံ့ဖြိုးဝေဆာ သရက်မြို့မှာ**'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဥဂ္ဂဗြာမင်္ဂလာ(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) '**အင်္ဂလဝန္နာဝဏ္ဏနာ**' နှင့် '**ပတိရူပဒေသဝါသော**'
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရန့်လွင့်ပျံ့အမုန်း**' (အပိုင်း-၉၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၁၅ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ)(ဝါသနာရှင်(ပထမတန်း) အဆင့်)(ပထမဆု) '**ပဟောသတဇာတ်**' (ဦးကျော်ငြိမ်း(၁) သက်ဇော်)(မန္တလေးတိုင်းဒေသကြီး)
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ယုံကြည်ရာလမ်း**' (အပိုင်း-၂၉)

**mitv**

- 07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:07 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
- 07:18 Smart Village in Hopong: Kyauk Tan
- 07:28 Welcome To Naga Land
- 08:01 News
- 08:28 A Trip to Gyobyu Reservoir (Part-2)
- 08:47 Unique Art of Stucco Work (New Version)
- 09:18 A Precious Gift from Waste
- 09:28 Those Who Never Give Up (Ep-6) In Pursuit of a dream
- 10:01 News
- 10:26 Topical Topics
- 10:33 Thilawa SEZ (Thriving Model Special Economic Zone)
- 10:48 Sai Ye Kwan
- 11:02 Myanmar Masterclass: Artist Maung Aye

**MRTV NRC**

- **ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)** စွန်တောင်ရွာမှလက်မှုပညာ
- **မွန် (၀၇:၀၀ မှ ၀၉:၀၀)** ရှေးဟောင်းမွန်ရိုးရာတူရိယာ
- **ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** မြန်မာပြည်တစ်လွှားလှျာထိအာထိရခိုင်ဟင်းလျာများ (အပိုင်း-၁)
- **ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** တို့ဓလေ့တို့သဘာဝ
- **ဝ (၁၃:၀၀ မှ ၁၅:၀၀)** ကြက်မောက်သီးနှင့်ကျန်းမာရေး
- **ကချင် (၁၅:၀၀ မှ ၁၇:၀၀)** တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
- **ကယား (၁၇:၀၀ မှ ၁၉:၀၀)** ကယားတိုင်းရင်းသားများရဲ့(တဘူး)ခေါ်တားမြစ်ချက်
- **ဝကေကရင် (၁၉:၀၀ မှ ၂၀:၀၀)** တန်ဖိုးမြင့်ထုတ်ကုန်ဖွံ့နဆီအစွမ်း
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
- **အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲသလိန်းအင်တာဗျူး
- **ချင်း(လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** ချင်းရိုးရာအစားအစာဘူဘယ်ရဲ့ချက်ပြုတ်နည်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ '**ဖွံ့ဖြိုးဝေဆာ သရက်မြို့မှာ**'
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ '**ရှုးစမ်းရှာငွေရှေးဟောင်းအငွေ့**'
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၂:၄၅ 'ကမ္ဘာတစ်လွှားအနုပညာသတင်းများ'
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား**"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ သမားရိုးကျမှသည်ဆန်းသစ်မှုဆီသို့
- ၀၇:၀၀ ငြေဆွးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၇:၃၀ မြက်စားငါးကြင်းမွေးမြူသားဖောက်ခြင်းလုပ်ငန်း
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၉:၀၀ ချစ်ကြသည့်ဆိုရာဝယ်(ဇာတ်လမ်းတို)
- ၀၉:၄၅ ထန်းတောင်သူတွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review/ Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




## မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် ခဲယမ်း၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများအမြောက်အမြား ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဒေသခံများအသွင် စိမ့်ဝင်၍ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများအား အနိုင်ကျင့်နှိပ်စက်ခြင်း၊ အဓမ္မဆက်ကြေးကောက်ခံခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များကို ထောက်ခံအားပေးမှု မရှိသည့် ဒေသခံများအား ဖမ်းဆီးသတ်ဖြတ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့ အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၊ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိုဝှက်ထားရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိဒေသခံများ၊ ကျေးရွာသူကျေးရွာသားများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် အလစ်အငိုက်ဝင်ရောက်ခဲ့ပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် သတင်း ဖော်ထုတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက မကြီးကန်ကျေးရွာအား ဝင်ရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းများနှင့် ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ၌ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သူများဟု ယူဆရသူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၀ ကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ခေတ္တထိန်းသိမ်းထားရှိခဲ့ပြီး မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်းအတွင်းမှ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ လက်ပစ်ဗုံးမျိုးစုံ ၁၈ လုံး၊ ၆၀ မမ ဗုံးသီး နှစ်လုံး၊ လက်လုပ်လက်ပစ်ဗုံးနှင့် Drop ဗုံးသီး သုံးလုံး၊ ကျည်မျိုးစုံ အတောင့် ၇၈၀၊ ဆက်သွယ်ရေးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ People Defence Force (Myaing) စာတန်းပါ ယူနီဖောင်းများအပါအဝင် ယူနီဖောင်းမျိုးစုံ ၅၃ စုံ၊ ကျည်ကာအင်္ကျီနှစ်ထည်၊ Myaing PDF စာတန်းပါ လက်မောင်းဘက် တံဆိပ်များ၊ ဗုံးခိုကျင်းတစ်ခု၊ ယာဉ်မျိုးစုံ သုံးစီးနှင့် ဆိုင်ကယ်မျိုးစုံ ငါးစီး တို့ကို သိမ်းဆည်းရမိခဲ့သည်။

ကန်ကြီးကျေးရွာ အတွင်းသို့ ဝင်ရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းများနှင့် ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်း အတွင်းမှ လက်လုပ် လက်ပစ်ဗုံးတစ်လုံး၊ Nissan အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်မျိုးစုံ ၁၅ စီးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် မြိုင်မြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြုလုပ်ခဲ့သူ PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးအား အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် အကြမ်းဖက်ဖောက်ခွဲရန် ပြုလုပ်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးကို မေ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KNLA တပ်မဟာ(၆)၊ ရင်း(၁၆)မှ ဒုခွဲမှူးအဆင့်ရှိ ချနေလား၏ စေခိုင်းချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တလက်ခွကျေးရွာနေ အာကာမင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်နေ အောင်မျိုးထက်တို့ နှစ်ဦးသည် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန်အတွက် ရေးမြို့နယ် လိမ္မော်ခြံကျေးရွာမှ မေ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် ဆိုင်ကယ်ဖြင့် ထွက်ခွာခဲ့ပြီး ရေကစားမဏ္ဍပ်အနီး၌ အခြေအနေစောင့်ကြည့်ခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် အာကာမင်းက လက်ပစ်ဗုံးအား ဘောင်းဘီအိတ်အတွင်းမှ ပစ်ခတ်ရန် ထုတ်ယူစဉ် လက်ပစ်ဗုံး၏ လုံခြုံရေးပင်မှာ ဘောင်းဘီအိတ်အတွင်း ပြုတ်၍ ကျန်ရှိခဲ့သဖြင့် လက်ပစ်ဗုံးကို လမ်းဘေးရေမြောင်းအတွင်းသို့ ထိတ်လန့်စွာဖြင့် လွှင့်ပစ်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်မှုမရှိကြောင်းနှင့် အဆိုပါအကြမ်းဖက်သမား နှစ်ဦးအား ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အပ်နှံခဲ့ကြောင်း သိရသည်။


သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြုလုပ်စဉ် လက်ပစ်ဗုံးကျရောက်ပေါက်ကွဲခဲ့သည့် နေရာကိုတွေ့ရစဉ်။


သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာ ရေကစားမဏ္ဍပ်အား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြုလုပ်ခဲ့သူ PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦး သိုဝှက်ထားသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

အဆိုပါ ဖမ်းဆီးရမိသူများ၏ ပြောကြားချက်အရ သံဖြူဇရပ်မြို့နယ် သင်္ကြောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၃၀၀ ခန့်အကွာရှိ လျှိုအတွင်း၌ လက်လုပ်မိုင်း သုံးလုံးသိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့နှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ လက်လုပ်မိုင်းသုံးလုံးအား သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေရာ၌ပင် ဖောက်ခွဲဖျက်ဆီးရှင်းလင်းခဲ့ကြောင်း၊ ထို့နောက် အဆိုပါနေရာမှ ပြန်လည်ထွက်ခွာလာစဉ် ဖမ်းဆီးရမိ အကြမ်းဖက်သမားနှစ်ဦးက ထွက်ပြေးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်တားဆီးခဲ့သော်လည်း ရပ်တန့်ခြင်းမရှိသောကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားနှစ်ဦးသည် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမားနှစ်ဦး သေဆုံးမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ ရုပ်အလောင်းများအား သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာသုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❐ ကျောဖုံးမှ**

ကစားသမားများအဖြစ် ဂိုးသမား- သူဇာအောင် (ရော်ဝတီတိုင်းဒေသကြီး)၊ အိတာယာ(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ပန်းနုဝေ(အား/ကာသိပ္ပံ၊ မန္တလေး)၊ နောက်တန်း – ယုယုနိုင် (YREO)၊ မင်းမင်းနု(မန္တလေးတိုင်းဒေသကြီး)၊ သဲအိလှိုင် (ရော်ဝတီတိုင်းဒေသကြီး)၊ ယမင်းဖြူ (YREO)၊ အလယ်တန်း –ကေသွယ်ဖြိုးဦး (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ မြတ်နိုးအောင် (YREO)၊ ငြိမ်းငြိမ်းဖြိုး (အား/ကာသိပ္ပံ၊ မန္တလေး)၊ ဝင်းစန္ဒာ(နေပြည်တော်)၊ နှင်းဝေနှင်း (ရော်ဝတီတိုင်းဒေသကြီး)၊ ခင်ဖုန်း(YREO)၊ ဟန်နီမိုးလွင် (YREO)၊ သွန်းဝတီ(YREO)၊ ရှေ့တန်း – ဇခါရိုရီ(ကချင်ပြည်နယ်)၊ ယုယနိုင်(YREO)၊ သင်ဇာလင်း (ရော်ဝတီတိုင်းဒေသကြီး)၊ နှင်းလတ်လတ်လှိုင်(ရန်ကုန်တိုင်းဒေသကြီး)၊ ပန်းအိန္ဒယ်(ရော်ဝတီတိုင်းဒေသကြီး)၊ အကူးမွန်းရမ် (ကချင်ပြည်နယ်)၊ စုစုခင်(YREO)၊ ရွှေပုံချစ်(YREO) တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (F) ၌ ကျရောက်နေပြီး ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့ ၌ ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင် ကာဂျစ္စတန်၊ အိန္ဒိယအသင်းတို့နှင့် ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ကာဂျစ္စတန်အသင်း၊ ဧပြီ ၂၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

**○ ၂၀၂၄ အာရှဖလားမှ**

ဒုတိယအဆင့်ခြေစစ်ပွဲကို ဇွန် ၃ ရက်မှ ၁၁ ရက်အတွင်း ကျင်းပမည်ဖြစ်ပြီး လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ဩစတြေးလျ၊ ဗီယက်နမ်၊ အီရန်၊ လက်ဘနွန်၊ အုပ်စု (ခ) တွင် တရုတ်၊ မြန်မာ၊ တရုတ် (တိုင်ပေ) နှင့် နီပေါအသင်းတို့ ပါဝင်နေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအဆင့်ခြေစစ်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် အုပ်စု (က) ပွဲစဉ်များကို ဗီယက်နမ်၊ အုပ်စု (ခ) ပွဲစဉ်များကို မြန်မာနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်နေပြီး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲကို မတ် ၆ ရက်မှ ၁၂ ရက်အတွင်း ကျင်းပခဲ့ပြီး မြန်မာအသင်းသည် အုပ်စု (G)တွင် မလေးရှား၊ ကမ္ဘောဒီးယားတို့နှင့် ကျရောက်ခဲ့ကာ နှစ်ပွဲစလုံး အနိုင်ရပြီး ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုး တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။



မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းမှ ကစားသမားများကို တွေ့ရစဉ်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၈၀ | ၂၂၉၅ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၄၅ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၅၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၀ | ၂၁၀၅ | ၂၁၀၅ | ၂၀၆၅ | ၂၁၀၅ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၂၁၀ | ၂၂၀၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၇၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၇ | ၂၁၁၁ |
| 95 Ron | ၂၁၂၇ | ၂၂၀၃ |
| HSD (500 ppm) | ၁၉၅၅ | ၂၀၂၄ |
| HSD (50 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (10 ppm) | ၂၀၂၉ | ၂၀၉၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရာတွင် အကူအညီပေးနေသည့် အမှိုက်ကောက်သမားများ

မောင်သာယာ

မေရီလန်းကပတ်စ်သည် ဖိလစ်ပိုင်နိုင်ငံ မာလာဘွန်မြို့ရှိလမ်းများတွင် တနင်္ဂနွေနေ့မှအပ နေ့စဉ်နံနက်တိုင်း တွန်းလှည်းတစ်စီးဖြင့် အလုပ်များနေတတ်သည်။ မာလာဘွန်မြို့သည် မနီလာမြို့တော်၏ မြောက်ဘက်တွင် တည်ရှိသည်။

မေရီလန်းသည် အမှိုက်ကောက်သူအမျိုးသမီးတစ်ဦးဖြစ်သည်။ သူသည် ခွဲထားသော အမှိုက်အိတ်များကို စုဆောင်းထားပြီး အစားအသောက်အကြွင်းအကျန် စွန့်ပစ်အမှိုက်များကို အိတ်တစ်လုံးထဲတွင် ထည့်ထားသည်။ အဆိုပါ အစားအသောက်စွန့်ပစ်အမှိုက်များသည် ဒေသတွင်းရှိ ပြန်လည်အသုံးပြုရေးစက်ရုံတစ်ခုတွင် မြေဆွေးအဖြစ်ပြောင်းလဲသွားမည်ဖြစ်သည်။ အခြားသောအမှိုက်များကိုလည်း သီးခြားအိတ်များထဲသို့ထည့်ကာ နောက်ပိုင်းတွင် ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို ရောင်းချသွားမည်ဖြစ်သည်။ လေးလံသောအမှိုက်များကို အားလုံးရောနှောထားလိုက်သည်ဟု မေရီလန်းက ပြောသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်က အကျိုးအမြတ်မယူသော ဒေသခံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့က လူများအား အမှိုက်များကို အစို၊ အခြောက်၊ အရည်၊ ပြန်လည်အသုံးပြုနိုင်သောပစ္စည်းစသည်ဖြင့် ခွဲခြားစွန့်ပစ်ရန် တောင်းဆိုခဲ့သည်။

**မီးရှို့ဖျက်ဆီးခြင်းမပြု**

ဖိလစ်ပိုင်နိုင်ငံရှိ မိခင်ကမ္ဘာဖောင်ဒေးရှင်းသည် ဂျီအေအိုင်အေဟုခေါ်သည့် အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ အခြားနည်းလမ်းများဖြင့် အသုံးပြုရေး ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းက စားကြွင်းစားကျန် စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးများထဲသို့ မထည့်ရန် တားမြစ်လိုသည်။ အစားအသောက်အကြွင်းအကျန်များသည် ယိုယွင်းပျက်စီးသွားသောအခါ မီသိန်းဓာတ်ငွေ့ကို ထုတ်လွှတ်သည်။ မီသိန်းသည် အားကောင်းသော ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထက် အပူကို ပိုမိုဖမ်းယူသည်။ သို့သော်လည်း မီသိန်းဓာတ်ငွေ့သည် လေထုအတွင်းကြာရှည်စွာရှိမနေပါ။

အော်ဂဲနစ်အမှိုက်များကို အမှိုက်ပုံးများထဲသို့ မရောက်ရှိစေရန် သို့မဟုတ် မီးရှို့ခြင်းများမှ ကာကွယ်ခြင်းသည် ကုန်ကျစရိတ်သက်သာသော ရာသီဥတုဖြေရှင်းချက်ဖြစ်သည်ဟု ဂျီအေအိုင်အေက ပြောကြားသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သည့် ဂျီအေအိုင်အေသည် ကမ္ဘာတစ်ဝန်းရှိ အမှိုက်ကောက်သူများအပါအဝင် ၎င်း၏အဖွဲ့ဝင်များကို ပံ့ပိုးပေးလျက်ရှိသည်။ ဂျီအေအိုင်အေသည် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများကို ခွဲထုတ်ပြီး စုဆောင်းထားရန်နှင့် မြေဆွေးပြုလုပ်ရန် စက်ရုံများတည်ဆောက်ရေးအတွက် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



မာလာဘွန်မြို့၌ တွန်းလှည်းတစ်စီးဖြင့် အမှိုက်ကောက်နေသည့် မေရီလန်းကပတ်စ်ကို တွေ့ရစဉ်။

မာလာဘွန်မြို့ရှိ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်အောင် ပြုလုပ်ပေးသည့် စက်ရုံတွင် အိမ်ထောင်စုများမှ စုဆောင်းရရှိသော အော်ဂဲနစ်အမှိုက်များကို မြေဆွေးအဖြစ်ပြောင်းလဲပေးလျက်ရှိသည်။ ယင်းမြေဆွေးများသည် ဟင်းသီးဟင်းရွက်စိုက်ပျိုးသော ရပ်ရွာဥယျာဉ်တစ်ခုသို့ ရောက်ရှိသွားသည်။ အချို့သော စွန့်ပစ်အစားအစာပစ္စည်းများကို ဇီဝဓာတ်ငွေ့အဖြစ် ပြုလုပ်သည်။ ထို့နောက် အမှိုက်ကောက်သမားများစားရန် ဟင်းသီးဟင်းရွက် ချက်ပြုတ်ရာတွင် အဆိုပါဇီဝဓာတ်ငွေ့ကို အသုံးပြုသည်။ ယင်းမှာ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုရေးလုပ်ငန်းစဉ်အတွက် ပြီးပြည့်စုံသော လည်ပတ်မှုတစ်ခုဖြစ်ကြောင်း မနီလာမြို့အခြေစိုက် အာရှပစိဖိတ်ဆိုင်ရာ ဂျီအေအိုင်အေ အကြီးအကဲ ဖရိုင်လန်ဂရိတ်က ပြောကြားသည်။

**အသိပညာပေး**

ဤကဲ့သို့ ပြန်လည်အသုံးပြုရေးစနစ်များကို နေရာသစ်များတွင် ထူထောင်ရာ၌ အခက်အခဲများရှိကြောင်း ဂရိတ်က ပြောကြားသည်။ မြေဆွေးစက်ရုံ တည်ဆောက်ရန် ငွေကြေးကုန်ကျမှုရှိသည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများအပါအဝင် ပြည်သူများအား အမှိုက်ခွဲခြားစွန့်ပစ်ခြင်း၏ အရေးပါမှုကို အသိပညာပေးရသည်။ အမှိုက်ပုံးတစ်ခုထက် ပိုမဝယ်နိုင်သော အိမ်ထောင်စုများကို အမှိုက်ပုံးများ ထောက်ပံ့ပေးရသည်။ ထို့ပြင် တစ်ခါတစ်ရံတွင် အော်ဂဲနစ်စွန့်ပစ်အမှိုက်များကို ခွဲခြားစွန့်ပစ်ခြင်းသည် အရေးမကြီးဟုယူဆသူများနှင့် ပြန်လည်အသုံးပြုနိုင်သော သတ္တုများနှင့်မတူဘဲ အော်ဂဲနစ်ပစ္စည်းများအတွက် ဈေးကွက်ကြီးကြီးမားမားမရှိသည့် အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ ထို့ကြောင့် အမှိုက်ကောက်သမားများကို စနစ်တကျလုပ်ကိုင်ရန်အတွက် အခကြေးငွေပေးရသည်။

> **မြေဆွေးစက်ရုံ တည်ဆောက်ရန် ငွေကြေးကုန်ကျမှုရှိသည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများအပါအဝင် ပြည်သူများအား အမှိုက်ခွဲခြားစွန့်ပစ်ခြင်း၏ အရေးပါမှုကို အသိပညာပေးရသည်။ အမှိုက်ပုံးတစ်ခုထက် ပိုမဝယ်နိုင်သော အိမ်ထောင်စုများကို အမှိုက်ပုံးများ ထောက်ပံ့ပေးရသည်။ ထို့ပြင် တစ်ခါတစ်ရံတွင် အော်ဂဲနစ်စွန့်ပစ်အမှိုက်များကို ခွဲခြားစွန့်ပစ်ခြင်းသည် အရေးမကြီးဟု ယူဆသူများနှင့် ပြန်လည်အသုံးပြုနိုင်သော သတ္တုများနှင့်မတူဘဲ အော်ဂဲနစ်ပစ္စည်းများအတွက် ဈေးကွက်ကြီးကြီးမားမားမရှိသည့် အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ ထို့ကြောင့် အမှိုက်ကောက်သမားများကို စနစ်တကျလုပ်ကိုင်ရန်အတွက် အခကြေးငွေ ပေးရသည်**

သို့သော်လည်း ဂရိတ်က အဆိုပါပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ မီသိန်းလျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ခြင်းကြား ဆက်သွယ်မှုကို လူများပိုမိုပြုလုပ်လာကြပြီဖြစ်သည်။

အမှိုက်ပြဿနာဖြေရှင်းမှုနှင့် ပတ်သက်၍ လက်ရှိအသုံးပြုနေသောနည်းလမ်းများသည် ပိုမိုပူနွေးစေသည့်အတွက် ကမ္ဘာကြီးတွင် ပိုမိုကောင်းမွန်သောနည်းလမ်းများလိုအပ်နေသည်ဟု ကိတ်ဆီဂယ်က ပြောကြားသည်။ ကိတ်ဆီဂယ်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်မယူသော လေထုသန့်ရှင်းရေးအဖွဲ့တွင် မီသိန်းညစ်ညမ်းမှု တားဆီးရေးကဏ္ဍတွင် ဦးဆောင်နေသူတစ်ဦးဖြစ်သည်။ အော်ဂဲနစ်ပစ္စည်းများကို နည်းလမ်းတကျ ဖြေရှင်းခြင်းသည် မီသိန်းဓာတ်ငွေ့ကို လျှော့ချရန် အရေးကြီးသောနည်းလမ်းတစ်ခု ဖြစ်သည်ဟု ကိတ်ဆီဂယ်က ပြောကြားသည်။ "ဒီလိုဖြေရှင်းချက်တွေကို ကမ္ဘာတစ်ဝန်းက နိုင်ငံတွေမှာ ပုံစံအမျိုးမျိုးနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ကျွန်မတို့အားလုံးဟာ အော်ဂဲနစ်အမှိုက်များကို နေ့တိုင်းဖန်တီးနေကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ မီသိန်းလျှော့ချရေး သဘောတူစာချုပ်ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိနိုင်ငံများကို ၎င်းတို့၏ မီသိန်းအရင်းအမြစ်များကို စစ်ဆေးရန် တွန်းအားပေးလျက်ရှိသည်။ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်က ၂၀၃၀ ပြည့်နှစ်တွင် မီသိန်းထုတ်လွှတ်မှု ၃၀ ရာခိုင်နှုန်းလျှော့ချရန် သဘောတူညီခဲ့ကြသည်။ သို့သော်လည်း မီသိန်းပမာဏအများအပြား ထုတ်လွှတ်သည့် အခြားသောနိုင်ငံများက ငြင်းဆိုခဲ့ကြသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် မီသိန်းထုတ်လုပ်ဖန်းတီးမှု ပဥ္စမမြောက်အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ သမ္မတလူလာဒါဆေးဗားတာဝန်စယူသည့် ဇန်နဝါရီလကတည်းက ဘရာဇီးနိုင်ငံတွင် အမှိုက်ကောက်သမားများ၊ စွန့်ပစ်အမှိုက်ပြန်လည်အသုံးပြုရေးလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထောက်ပံ့ပေးလျက်ရှိကြောင်း မိုရိုက်စ်ဗီအဲရားက ပြောကြားသည်။ မိုရိုက်စ်ဗီအဲရားသည် ဘရာဇီးနိုင်ငံရှိ အစိုးရနှင့်မသက်ဆိုင်သည့် အကျိုးအမြတ်မယူသောအဖွဲ့အစည်း ပေါလစ်အင်စတီကျု၏ စွန့်ပစ်အမှိုက်ဆိုင်ရာ အကြံပေးနှင့် သုတေသီတစ်ဦးဖြစ်သည်။

**နှစ်ပေါင်းများစွာ လည်ပတ်နေ**

ဘရာဇီးနိုင်ငံ၏ နာမည်ကျော်ခရီးသွားဒေသတစ်ခုဖြစ်သည့် ဘဟီရာတွင် မြေဆွေးပြုလုပ်သည့်လုပ်ငန်းကြီးတစ်ခုသည် နှစ်ပေါင်းများစွာ လည်ပတ်နေခဲ့သည်။ ယင်းဒေသမှ အမှိုက်ကောက်သူများက ၎င်းတို့လုပ်ငန်းပိုမိုကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ဟိုတယ်များနှင့် စားသောက်ဆိုင်များမှ အော်ဂဲနစ်အမှိုက်များကို လိုက်လံစုဆောင်းလျက်ရှိကြသည်။

တောင်အာဖရိကတွင် အော်ဂဲနစ်အမှိုက်များကို ခွဲခြားစွန့်ပစ်သည့်အလေ့အထမရှိပေ။ သို့သော်လည်း လွန်ခဲ့သည့်နှစ်နှစ်ခန့်က ဒါဘန်ဆိပ်ကမ်းမြို့ရှိ ဈေးကြီးတစ်ခုတွင် အော်ဂဲနစ်အမှိုက်ခွဲခြားစွန့်ပစ်သည့်အလေ့အကျင့်ကို စမ်းသပ်ခဲ့သည်။



အော်ဂဲနစ်အမှိုက်များကို မြေဆွေးအဖြစ်ပြောင်းလဲပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

"ဒါဟာ အာဖရိကတိုက်အတွက် ကြီးမားတဲ့ အလှည့်အပြောင်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ စမ်းသပ်ကြည့်ပြီး ကြိုးစားရင်ရနိုင်ပါတယ်။ အာဖရိကတစ်နေရာမှာ စမ်းသပ်အသုံးပြုကြည့်လို့ရရင် အခြားတစ်နေရာမှာလည်း ရနိုင်ရမှာပေါ့။ ဒီဈေးကြီးကို တစ်နေ့တစ်နေ့ လူပေါင်း ၄၀၀၀၀၀ ဝင်ထွက်သွားလာနေကြပါတယ်"ဟု အာဖရိကဒေသဆိုင်ရာ ဂျီအေအိုင်အေ ညှိနှိုင်းရေးမှူး နိုက်ဗန်ရက်ဒီက ပြောကြားသည်။

ရက်ဒီကဲ့သို့ ဂျီအေအိုင်အေခေါင်းဆောင်များသည် ဖိလစ်ပိုင်နိုင်ငံတွင် စံနမူနာပြထားသည့် အမှိုက်စွန့်ပစ်စနစ်ကောင်းများကို အခြားသောနေရာများတွင်လည်း ထူထောင်သွားရန် ရှာဖွေလျက်ရှိကြသည်။

**ကိုးကား – Waste Pickers Help Fight Climate Change ကို ဘာသာပြန်သည်။**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် လေးမျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့်(Grade 10, Grade 11, Grade 12)ပညာသင်ကာလ သုံးနှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ် သုံးမျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology)နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ(Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် ခြောက်နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့(BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် လေးနှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့(B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် သုံးနှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာ ဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) ငါးနှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ်(Diploma in Agriculture) သုံးနှစ် သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ငါးနှစ် သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

### (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။ **စာမျက်နှာ ၁၉ သို့** »»

**အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**




**Learning Opportunities for Grade 9 Passed Students**



»» စာမျက်နှာ ၁၈ မှ

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) ခြောက်နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) လေးနှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) သုံးနှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် လေးနှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂)ကော့ကရိတ် |
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁)ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက-အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄)ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက-အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက-ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက-မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁)ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆)မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက-လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက-သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက-ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက-ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁)အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃)ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စကြော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက-ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက-ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀)ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁)ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ)ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂)လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျိုး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

# နေတတ်ရင် လွယ်ပါတယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

သတ္တဝါတွေဟာ ကာယကံအလုပ်တွေ ကိုယ်နဲ့ ပြုလုပ်နေကြပါတယ်။ နေ့စဉ်နေ့တိုင်းပါပဲ။ ဝစီကံအလုပ်တွေကိုလည်း နှုတ်နဲ့ပြောဆိုနေကြပါတယ်။ နေ့စဉ်နေ့တိုင်းပါပဲ။ မနောကံအလုပ်တွေကိုလည်း စိတ်နဲ့ကြံစည်နေကြပါတယ်။ နေ့စဉ်နေ့တိုင်းပါပဲ။

"သတ္တဝါ တစ်ဦးတစ်ယောက်အတွက်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ကံတွေကို ကြိုးစားပြီးလုပ်စမ်းပါ။ စေတနာကံတွေကို ကြိုးစားပြီး အားစိုက်ဆောင်ရွက်ပါ"လို့ အထူးတိုက်တွန်းစရာ မလိုအပ်နိုင်လောက်အောင် နိစ္စဓူဝ အမြဲမပြတ်ဆိုသလို ကံတွေကို ပြုနေ၊ ပြောနေ၊ ကြံနေကြပါတယ်။

ပြုသမျှ၊ ပြောသမျှ၊ ကြံစည်သမျှကံတွေဟာ ကံကောင်းတွေဖြစ်ဖို့တော့ အရေးကြီးပါတယ်။

ကောင်းတဲ့ကံဖြစ်ဖို့တော့ ကြိုးစားကြရမှာပေါ့။ မိမိတို့ရဲ့ ကံအလုပ်တွေကို ဒီအတိုင်းသာ ပေါက်လွှတ်ပဲစားစိတ်နဲ့ ပြုနေ၊ ပြောနေ၊ ကြံစည်နေကြမယ်ဆိုရင် အများအားဖြင့် မကောင်းတဲ့ အကုသိုလ်ကံတွေပဲ အဖြစ်များနေကြပါလိမ့်မယ်။

ဒါကြောင့် ကံကောင်းအောင် ကောင်းတဲ့ အလုပ်ကို လုပ်ပါ။ ကောင်းတဲ့အပြောကို ပြောပါ။ ကောင်းတဲ့အကြံအစည်ကို ကြံစည်ပါ။

အမြဲမဟုတ်ပေမယ့် တစ်ခါတစ်ရံမှာ မကောင်းတဲ့အကြံတွေဟာ အလိုလိုပေါ်လာတတ်တယ်လို့ ထင်ရပါတယ်။ မကောင်းတာတွေ ကြံစည်မိနေပါရော၊ အဲဒီကတစ်ဆင့် မကောင်းတဲ့စကားတွေ ပြောထွက်မိပါရော၊ ဒါထက်ပိုဆိုးတာက မကောင်းတဲ့ကံအလုပ်တွေကို ဝုန်းဒိုင်းကြဲသောင်းကျန်းပြီး လုပ်မိပြန်ပါလေရော။

ဒါကြောင့် ကောင်းတဲ့အလုပ်ကိုလည်း လုပ်ပါ။ မကောင်းတဲ့အလုပ်ကိုလည်း ရှောင်ပါ။ ကောင်းတဲ့ စကား၊ ကောင်းတဲ့အပြောမျိုးကိုသာ ပြောပါ၊ မကောင်းတဲ့အပြောမျိုးကို ရှောင်ပါ။ ကောင်းတဲ့ စိတ်ကူးတွေကို အဝင်ခံပါ။ စိတ်ကူးပါ။ စဉ်းစားပါ။ မကောင်းတဲ့အကြံအစည်ဆိုးတွေကိုတော့ လုံးဝ လက်မခံဖြစ်အောင် ကြိုးစားပါ။

"ကောင်းတာကို လုပ်ပါ၊ မကောင်းတာကို မလုပ်ပါနဲ့ဆိုတဲ့စကားဟာ ပြောတော့သာလွယ်တာ တကယ်တမ်းနေကြည့်ရင် အလွန်ပဲခက်လှပါတယ်" လို့ ပြောတတ်ကြပါတယ်။

နေတတ်ရင် လွယ်ပါတယ်။ မနေတတ်သေးလို့ပါ။

ဒီလိုပဲပေါ့၊ ထမင်းစားတဲ့အခါမှာလည်း ကိုယ့်ရှေ့ရောက်နေတဲ့ ထမင်းဟင်းကိုပဲ အေးအေးဆေးဆေး စားပေါ့၊ အတင်းအဓမ္မစိတ်နဲ့လည်း မခပ်ထည့်နဲ့၊ မဝါးနဲ့၊ မစားနဲ့ပေါ့။

အတင်းအဓမ္မဆိုတာ စိတ်တင်းကျပ်မှုကို ဖြစ်စေတဲ့ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေ ဦးဆောင်ပြီးစားနေတဲ့အခါ ဓမ္မသဘောမသိနိုင်တဲ့ အဓမ္မတရားတွေနဲ့ စားတာကို ပြောတာပါ။

စားတဲ့အခါ အဓမ္မမစားပါနဲ့၊ ဓမ္မနဲ့စားပါလို့ ပြောချင်ပါတယ်။ တချို့ပုဂ္ဂိုလ်တွေက ပြောကြပါလိမ့်မယ်။ "စားတဲ့အခါ အဓမ္မမဖြစ်ဖို့ဆိုတာ ဘယ်မှာလာပြီး လွယ်လိမ့်မလဲ"လို့။

ဟုတ်ပါတယ်၊ မစားတတ်ရင်တော့ မလွယ်ပါ။

စားတတ်ရင် လွယ်ပါတယ်။ စားနေတဲ့အခိုက်မှာ စားတတ်ရင် လွယ်ပါတယ်။

နေတဲ့အခိုက်မှာ နေတတ်ရင် လွယ်ပါတယ်။

ကံကောင်းဖို့ စားနေတဲ့အခိုက်မှာ စားတတ်ရင် လွယ်ပါတယ်။

ဝတ်နေတဲ့အခိုက်မှာ ဝတ်တတ်ရင် လွယ်ပါတယ်။

သွားနေတဲ့အခိုက်မှာ သွားတတ်ရင် လွယ်ပါတယ်။

ရပ်နေတဲ့အခိုက်မှာ ရပ်တတ်ရင် လွယ်ပါတယ်။

ထိုင်နေတဲ့အခိုက်မှာ ထိုင်နေတတ်ရင် လွယ်ပါတယ်။

နေတဲ့အခါ နေတတ်ရင် ကံကောင်းဖို့လွယ်ပါတယ်။

"အရှင်ဘုရား၊ မေးပါရစေ"

"အင်း .. မေးပါ"

"တပည့်တော်ရဲ့စိတ်ထဲမှာ ဘဝင်မကျလို့ အမေးတစ်ခုရှိနေပါတယ်ဘုရား"

"အင်း"

"အဲဒါက ဝိပဿနာတရားစစ်စစ်ကို တကယ်အားထုတ်ထားလို့ အမှန်တကယ်လမ်းကြောင်း အမှန်ပေါ်ရောက်ပြီး ကိုယ်တွေ့ဉာဏ်မြင်အသိရှိပြီး ဝိပဿနာဉာဏ်အစစ်ရဖူးတယ်ဆိုရင် တကယ် ချမ်းသာပါသလား ဘုရား"

"အင်း... ဒကာမကြီးကလည်း သိလျက်သားနဲ့ မေးခွန်းကိုသာ ဆက်မေးစမ်းပါဦး"

"အင်း..အရှင်ဘုရားက တပည့်တော်ရဲ့ မေးခွန်းက မဆုံးသေးဘူးဆိုတာ ဘယ်လိုလုပ်သိသလဲဘုရား"

"သြော် ဒါက ဝိပဿနာအစစ်ဖြစ်ထားဖူးတဲ့သူဟာ တကယ်ချမ်းသာတယ်ဆိုတာ လူတိုင်းသိတာပဲ၊ ဒကာမကြီးက ဒီအမေးကို မသိလို့ မကျေနပ်လို့မေးတာမှ မဟုတ်ဘဲ၊ စကားသံတွေ မျက်နှာရိပ်မျက်နှာကဲတွေကို ကြည့်ပြီး သိတာပေါ့"

"သြော်.. ဟုတ်လားဘုရား၊ ကဲ..ကဲ တပည့်တော်ရဲ့မေးခွန်းကို ဆက်ပြီးမေးပါဦးမယ်"

"မေး မေး"

"အဲဒီ ဝိပဿနာဉာဏ်အစစ်ရဲ့ ချမ်းသာဟာ ဘယ်နှရက်၊ ဘယ်နှလ၊ ဘယ်နှနှစ်အထိ ခံပါသလဲ ဘုရား"

"အင်း . . ဒကာမကြီး အမေးက ဖြေရမှာ လွယ်ပါတယ်။ စကားလုံးအသုံးအနှုန်းမှန်ဖို့၊ လက်ခံနိုင်ဖို့ ပြောရမှာတော့ တော်တော်ခက်ပါတယ်"

"ဟာ.. အရှင်ဘုရားကလည်း ပြောသာပြောပါဘုရား၊ စကားလုံးအသုံးအနှုန်းမကောင်းလို့လည်း တပည့်တော် ဘယ်လိုမှမဖြစ်ပါဘူးဘုရား၊ ပြောသာပြောပါ၊ တပည့်တော်သဘောပေါက်ဖို့ပဲ အရေးကြီးပါတယ်ဘုရား"

"အင်း . . ပြောပြရတာပေါ့၊ ဒကာမကြီးလည်း ကြားဖူးတယ်မဟုတ်လား၊ ဈာန်ရတဲ့သူတွေ ဈာန်လျှောတတ်တယ်ဆိုတာ"

"ကြားဖူးပါတယ်ဘုရား၊ ဒါကြောင့်လည်း ဝိပဿနာဉာဏ်အစစ်က ဘယ်လောက်ခံသလဲ၊ ဘယ်အချိန်မှာ လျှောနိုင်သလဲဆိုတာ သိချင်နေတာပါဘုရား"



"ဈာန်ဆိုတာ သတိ၊ ဝီရိယ၊ သမာဓိအားတွေ ကောင်းတာပါ၊ ဉာဏ်ကတော့ ပါတယ်ဆိုကာမျှပါပဲ၊ ဒီဈာန်ဟာ ဆန့်ကျင်ဘက် ကာမစ္ဆန္ဒနီဝရဏစတာတွေက ဖိစီးရင် ဈာန်အားလျော့ပြီး ပျောက်ပျက်သွားတတ်ပါတယ်။ မေ့လျော့ပေါ့ဆပြီး ပျက်စီးသွားတတ်ပါတယ်"

"မှန်လှပါဘုရား"

"အဲ.. ဉာဏ်ဆိုတာကတော့ ဘယ်ဉာဏ်အစစ်ပဲဖြစ်ဖြစ် မမေ့တတ်ပါဘူး၊ သတိလိုမှတ်တာမျိုး၊ အမှတ်ရတာမျိုးတွေမဟုတ်ပါဘူး၊ သဘောပေါက်နားလည်သိမြင်ထားတာပါ၊ ဉာဏ်ဆိုတာက မမေ့တတ်ပါဘူး၊ ဘာလို့လဲဆိုတော့ ဉာဏ်က မမေ့အောင်မှတ်တာမျိုး အလုပ်ကို သူကမှမလုပ်ဘဲကိုး"

"အရှင်ဘုရား ပြောတာကို တပည့်တော် နားမရှင်းပါဘုရား"

"အင်း. . ဟုတ်လောက်ပါတယ်၊ နားရှင်းအောင် ဒီလိုထပ်ပြီး ပြောပြပါဦးမယ်"

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၈)

ဦးမင်းဟန်(ဘီအေ)

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ဘိုးလေးကြွက်အိမ်ရှေ့ရှိကုက္ကိုပင်ကြီးအောက်သို့ဦးတည်လာနေကြသည်။ သင်္ကြန်ပြီးခါစရက် ဖြစ်နေသဖြင့် ဝန်းကျင်က အေးချမ်းစိမ်းစိုနေသည်။ ကုက္ကိုပင်ကြီးအောက်တွင် ဘိုးလေးကြွက်က ခပ်ဖြည်းဖြည်းလမ်းလျှောက်နေသည်ဖြစ်၍ မောင်ထူးတို့သုံးဦး ခြေလှမ်းတုံ့သွားကြသည်။

"လာလာ မြေးတို့၊ လာလာ ထိုင်ကြ"

အသင့်ရှိနေသည့် စားပွဲဝိုင်းပုလေးတွင်ထိုင်ကြရန် ဘိုးလေးကြွက်က ပြောလည်းပြော သူကိုယ်တိုင်လည်း ဝင်ထိုင်လိုက်သည်။ ထိုအခါမှ မောင်ထူးတို့သုံးဦးလည်း အသာအယာဝင်ထိုင်လိုက်ကြသည်။

"မြေးတို့အတွက် ဘိုးလေးအိမ်က ပြင်ဆင်ပေးလိုက်တာ၊ မုန့်လုံးရေပေါ်တွေ စားကြပါဦး"

ဘိုးလေးကြွက်က မုန့်လုံးရေပေါ်ပန်းကန်ကို ဖွင့်လိုက်ရင်း ပြောလိုက်ရာ အုန်းသီးနံ့သင်းသင်းလေးက မောင်ထူးတို့သုံးဦးကို သွားရည်ယိုစေတော့သည်။

"ဟုတ်ကဲ့ ဘိုးလေး"

"ဟဲ့ ဟဲ့ နေဦးလေ၊ စားဆိုတာနဲ့ လက်ကမြန်ပွဲ။ ဘိုးလေး အရင်စားပါစေဦး မောင်ထူးရာ"

မောင်ထူးက ဘိုးလေးကြွက်၏စကားအဆုံးမှာ မုန့်လုံးရေပေါ်ပန်းကန်ဆီသို့ လက်ပြင်လိုက်ရာ ပူစူးမက ဟန့်လိုက်သည်။

"စားပါစေကွယ်။ ဘိုးလေးက စားပြီးပါပြီ။ စားကြ၊ စားကြ။ ဒါနဲ့ မုန့်လုံးရေပေါ်မစားခင် လက်ကို အရင်ဦးဆုံး ရေနဲ့ဆေးကြောလိုက်ဦးနော်။ အဲဒါမှ မုန့်လုံးရေပေါ်စားမယ့်တုတ်လေးကို ကိုင်တွယ်ရတာ ပိုအဆင်ပြေမယ်။ ပြီးတော့ ကျန်းမာရေးနဲ့လည်း ညီညွတ်တာပေါ့"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ခုလိုလေး အမှတ်မထင် သိရှိစေတာကို မှတ်သားထားရမယ်။ စာသင်ခန်းယဉ်ကျေးမှုဆိုတာနဲ့ စာသင်ကျောင်းကို တန်းမြင်ရမယ် မဟုတ်ပါဘူး။ ဘယ်နေရာမှာ ဘယ်လိုအကြောင်းအရာမျိုးကိုပဲဖြစ်ဖြစ် သင်ပြတာ သင်ယူတာဆိုရင် အဲဒီယဉ်ကျေးမှုကို စာသင်ခန်းယဉ်ကျေးမှုလို့ ခေါ်ဆိုလို့ရပါတယ်။ ပြောရရင် ကျောင်းက စာသင်ခန်းထဲမှာရယ်မှ မဟုတ်ဘူးပေါ့ကွယ်။ စာပေပညာ၊ လောကီပညာ စတဲ့အတတ်ပညာ တစ်ခုခုကို သင်ယူမှတ်သားလေ့ကျင့်တဲ့နေရာကို စာသင်ခန်းလို့ ခေါ်ဆိုလို့ရပါတယ်။ ဒီနေရာကိုပဲကြည့်လေ ကုက္ကိုပင်ကြီးအောက်မှာ စားပွဲဝိုင်းချပြီး မြေးတို့ကို လောကီ၊ လောကုတ္တရာအကြောင်းတွေ သင်ကြားပို့ချပေးတဲ့နေရာ မဟုတ်လား။ ဒါကြောင့် ဒီနေရာကိုလည်း သင်ကြားသင်ယူတဲ့နေရာဖြစ်လို့ စာသင်တဲ့နေရာ၊ စာသင်ခန်းရယ်လို့ ခေါ်ဆိုမှတ်ယူလို့ရပါတယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား အသင့်ပါလာသည့်မှတ်စုစာအုပ်အသီးသီးတွင် လိုက်လံရေးမှတ်နေကြလေသည်။ ဘိုးလေးကြွက်က ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို တစ်ကြိုက်တည်းမော့သောက်လိုက်ပြီး စကားဆက်သည်။

"မြေးတို့ကို စာသင်ခန်းယဉ်ကျေးမှုတွေအကြောင်း ပြောလာတာ အပ်ကြောင်းထပ်နေလောက်ပါပြီ။ တွေ့တာမြင်တာလေးတွေက ရှိနေပြန်တော့လည်း ထပ်ကာထပ်ကာပြောနေရတာပေါ့။ မြေးတို့အတွက်တော့ မှတ်သားစရာတွေက ပိုပိုပြီးတော့တိုးလာမှာပဲ။ ခုလည်းပြောရဦးမယ်၊ နောင်လည်း ပြောနေရဦးမှာပါပဲ"

"ဟုတ်ကဲ့ ပြောပါဘိုးလေး။ မြေးတို့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ မှတ်သားစရာဗဟုသုတတွေပါပဲ"

"ကြားရတာနဲ့တင် ဘိုးလေးအားရှိတယ်ကွယ်။ မြေးတို့က လိမ္မာကြပါပေတယ်။ အဲဒီလိုမှတ်သားပြီး မှတ်သားထားတာတွေကို ပြန်ဖတ်မယ်။ အခါသင့်တဲ့အခါ အချင်းချင်း အပြန်ပြန်အလှန်လှန်ဆွေးနွေးကြတယ်ဆိုရင် မမေ့နိုင်တော့ဘူးပေါ့။ ပိုလည်း မှတ်မိနေမှာပေါ့။ ကျောင်းစာသင်ခန်းထဲမှာလည်း အလျဉ်းသင့်ရင်သင့်သလို ပြောလို့ဆိုလို့ရတာပေါ့။ လူမှုဝန်းကျင်မှာလည်း ကြုံရင်ကြုံသလို ပြန်ပြောလို့ရတယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

မောင်ထူးတို့သုံးဦးမှာ ပြောပြောဆိုဆိုဖြင့် မှတ်စုစာအုပ်များတွင် ရေးမှတ်နေကြလေသည်။ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ် ညိတ်ရင်းကြည့်နေရာမှ ဖြည်းဖြည်းချင်းစကားဆက်သည်။

"ခုဆိုရင် အောင်စာရင်းတွေထွက်ပြီးပြီ။ မကြာခင်ကျောင်းတက်ကြရတော့မယ်။ စာသင်ခန်းထဲမရောက်ခင်ကတည်းက နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွေတက်ပြီးကြပြီ။ ယဉ်ကျေးလိမ္မာသင်တန်းဆင်းတွေ ဖြစ်နေကြပြီ။ အရင်ကထက် ပိုပြီးလိမ္မာယဉ်ကျေးတဲ့ကလေးတွေ ဖြစ်နေကြပြီလေ။ ဒီတော့ ဆရာ ဆရာမတွေနဲ့ လမ်းမှာတွေ့တဲ့အခါ ခေါင်းငုံ့ပြီး အရိုအသေပေးတတ်ရမယ်။ စကားပြောတဲ့အခါမှာလည်း လေးစားသမှုရှိရမယ်။ မိမိကိုယ်တိုင်လည်း ယုံကြည်မှုရှိရှိ၊ မှန်မှန်ကန်ကန်နဲ့ ယဉ်ကျေးသိမ်မွေ့စွာ ပြန်လည်ပြောဆိုတတ်ရမယ်နော်"

"ဟုတ်ကဲ့ဘိုးလေး၊ မြေးတို့ ကတိပေးပါတယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု"။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

**သုတေသီ ဦးသိမ်းဇံ**

## ဝီရိယပါရမီ

**ဖွဲသန်သည်းခံအောင်ပွဲစံ**

"အလွယ်တကူရရှိတဲ့ပန်းနဲ့ ကိုယ်တိုင်စိုက်ပျိုးဖူးပွင့်လာတဲ့ပန်းက အနှစ်သာရမတူနိုင်ပါဘူးနောင်တော်။ ကျွန်တော်စိုက်ထားတဲ့နှင်းဆီပန်းတွေ ပွင့်နေပါပြီ၊ နောင်တော်ကို လက်ဆောင်ပေးပါရစေ"

"နေပါစေညီတော်၊ ညီတော်ရဲ့နှင်းဆီပန်းတွေ မကိုင်ပါရစေနဲ့။ မတော်တဆလက်စူးသွားရင် အနာတရဖြစ်နေပါဦးမယ်"

ဆရာ၏လမ်းညွှန်မှုအတိုင်း ပန်းဥယျာဉ်စိုက်ပျိုးနေသော ညီတော် သံဝရမင်းသားထံ နောင်တော်မင်းသားတစ်ပါးက ဘုရင့်သားတော်မင်းသားတစ်ပါးအနေဖြင့် ဥယျာဉ်မှူးလုပ်ဆောင်နေသည်ကို မနှစ်သက်ဘဲရှိနေရာ ညီတော်မင်းသားသံဝရက အပြုံးမပျက်ဘဲ ပညာသားပါပါပြန်လည်ပြောလိုက်ခြင်းဖြစ်သည်။

အချိန်ကား ဗာရာဏသီမင်းကြီးအုပ်ချုပ်မင်းပြုနေစဉ်ကာလက ဖြစ်ပြီး မင်းကြီး၏သားတော်များစွာအနက်မှ ညီတော်သံဝရမင်းသား၏ အမြော်အမြင်ရှိရှိ၊ ဖွဲသန်သည်းခံမှုပင်ဖြစ်သည်။

"အခွင့်အရေးမရှိဆိုပြီး အားမလျှော့သင့်ပါအသင်မင်းသား။ အခွင့်အရေးဆိုတာ ကံတရားနဲ့လည်း ဆိုင်ပါတယ်။ ကံဆိုတာအလုပ်ဖြစ်နေတော့ အလုပ်လုပ်ဆောင်မှုအပေါ်မှာ ကံကြမ္မာကလိုက်ပါပြောင်းလဲနေတာပါ"

"အစဉ်အလာသဘောကတော့ ကျွန်တော့်ဘက်က အခွင့်အရေးနည်းပါးလွန်းပါတယ်"

"သမားရိုးကျစဉ်းစားရင်တော့ မှန်ပါတယ်မင်းသား။ ဒါပေမဲ့ ကျွန်ုပ်စကားကို မင်းသားနာယူမယ်ဆိုရင်တော့ အခွင့်အရေးဖြစ်လာနိုင်ပါတယ်"

သံဝရမင်းသားသည် ပညာသင်ပေးသည့် ဘုရားအလောင်းအမတ်မင်းကို အခွင့်အရေးကိစ္စနှင့်ဆက်စပ်ပြီး မေးမြန်းစူးစမ်းရာ ဆရာအမတ်မင်းက အားပေးစကားပြောလာခြင်းဖြစ်သည်။ မင်းသားလည်း ဆရာ၏လမ်းညွှန်မှုအတိုင်း နာယူလိုက်နာကျင့်သုံးလုပ်ဆောင်တော့သည်။

"ခမည်းတော်ရဲ့ခြေရင်းမှာပဲ အလုပ်အကျွေးပြုနေချင်ပါတယ်။ ပေးသနားတော်မူပါ ဖခမည်းတော်"

မင်းသားသံဝရသည် ခမည်းတော်ဘုရင်ကြီး၏တာဝန်ပေးသော ကျေးလက်ဒေသသို့မသွားဘဲ ဆရာ၏သွန်သင်မှုအရ လိမ္မာပါးနပ်စွာ ငြင်းဆန်လိုက်ပြီး မင်းကြီးအပါးတော်မြဲအဖြစ်သာ ခံယူနေလေသည်။ မင်းသားသည် ပန်းဥယျာဉ်စိုက်သည်။ သစ်သီးဝလံစိုက်သည်။ အသီးအပွင့်များကို ခူးဆွတ်လျက် နန်းတွင်းရှိ အာဏာလက်ကိုင်ရှိသော အမှုထမ်းများအိမ်သို့ ပို့ဆောင်စေသည်။ တချို့အိမ်များသို့ ကိုယ်တိုင်ကြွရောက်ပေးကမ်းသည်။ ပန်းဥယျာဉ်ကို ကိုယ်တိုင်စိုက်ပျိုးသည့် မင်းသားကို စိတ်ထားနူးညံ့သူ၊ နိုင်ငံကိုစည်ပင်အောင် ပျိုးထောင်လိုစိတ်ရှိသူဟူ၍တစ်မျိုး၊ ပန်းမန်တို့ကို မင်းသားကိုယ်တိုင်က ကြွရောက်အသိအမှတ်ပြု ပေးဝေသည့်အတွက် အမှုထမ်းများက လိုလားကျေနပ်ပီတိဖြစ်ကြရသည်ဟူသည့် မွန်မြတ်သည့်ပီတိစကားသံများက ပျံ့နှံ့လျက်ရှိလေသည်။

"ငါ့ညီတော်သံဝရဟာ ဗာရာဏသီမင်းကြီးရဲ့သားတော် မင်းသားလို့ ထင်နေတာ ခုတော့ဥယျာဉ်မှူးဖြစ်နေပါကလား"

"ဝါသနာအရပါ နောင်တော်"

"ညီတော်ရယ် ဘုရင့်သားတော် မင်းသားတစ်ပါးက လိုချင်ရင် ရှေ့တော်အရောက် ဆက်သမယ့်သူတွေ အများကြီးပါ၊ ညီတော်အပင်ပန်းခံစရာလိုမယ်မထင်ပါဘူး"

"အလွယ်တကူရရှိတဲ့ပန်းနဲ့ ကိုယ်တိုင်စိုက်ပျိုးဖူးပွင့်လာတဲ့ပန်းက အနှစ်သာရမတူနိုင်ပါဘူးနောင်တော်။ ကျွန်တော်စိုက်ထားတဲ့ နှင်းဆီပန်းတွေ ပွင့်နေပါပြီ၊ နောင်တော်ကို လက်ဆောင်ပေးပါရစေ"

"နေပါစေညီတော်၊ ညီတော်ရဲ့နှင်းဆီပန်းတွေ မကိုင်ပါရစေနဲ့။ မတော်တဆ လက်စူးသွားရင် အနာတရဖြစ်နေပါဦးမယ်။ ဥယျာဉ်မှူးလုပ်ရမှ ကျေနပ်တယ်ဆိုရင် ဥယျာဉ်မှူးသာလုပ်ပေတော့ ညီတော်"

ဆရာ၏လမ်းညွှန်မှုအတိုင်း ပန်းဥယျာဉ်စိုက်ပျိုးနေသော ညီတော်သံဝရမင်းသားထံ နောင်တော်မင်းသားတစ်ပါးက ဘုရင့်သားတော်မင်းသားတစ်ပါးအနေဖြင့် ဥယျာဉ်မှူးလုပ်ဆောင်နေသည်ကို မနှစ်သက်ဘဲရှိနေရာ ညီတော်မင်းသားသံဝရက အပြုံးမပျက်ဘဲ ပညာသားပါပါပြန်လည်ပြောလိုက်ခြင်းဖြစ်သည်။

နန်းတွင်းအတွက် စားနပ်ရိက္ခာပေးဝေတဲ့တာဝန်၊ နိုင်ငံခြားသံတမန်များကို ခရီးဦးကြိုနေရာချထားပေးရေး၊ ဧည့်ဝတ်ပြုခြင်းအမှုတာဝန်များကိုပါ မင်းသားသံဝရက အပင်ပန်းခံလုပ်ဆောင်ပေးလေရာ နန်းတွင်းသူ နန်းတွင်းသားတို့၏ အားကိုးယုံကြည်မှုတိုးလာခြင်း၊ ပြည်ပနိုင်ငံများအထိ မင်းသားသံဝရအားသိရှိကာ ဆက်ဆံရေးပြေပြစ်ခြင်း၊ စိတ်သဘောထားကောင်းမွန်ခြင်းတို့ကို အသိအမှတ်ပြုလာကြပြီး ခမည်းတော်ဗာရာဏသီမင်းကြီးနတ်ရွာစံချိန်တွင် အားလုံးဆန္ဒအရ မင်းကြီးဖြစ်လာတော့သည်။

"ဟယ် သံဝရ၊ ဗာရာဏသီမင်းဟာ မင်းနဲ့မထိုက်တန်ဘူး။ မင်းက အစဉ်အလာသဘောအရ အဝေးကြီးမှာရှိသေးတယ်။ ငါတို့နောင်တော်တွေကို ထီးနန်းလွှဲပေးပေတော့"

ကိုးဆယ့်ကိုးယောက်သောနောင်တော်များက နန်းတော်သို့ အလုံးအရင်းနှင့် ချီလာကြရာ ပြန်လည်ခုခံမည်ဆိုပါက ခုခံနိုင်စွမ်းရှိသည်။ နန်းတွင်းနန်းပြင် ပြည်သူတစ်ရပ်လုံးက မင်းသားသံဝရဘက်တွင် အသက်ပေး ရပ်တည်နေသည့်တိုင် ဆရာ၏အလိုအရ နောင်တော်တို့နှင့် ငြိမ်းချမ်းစွာပြေအေးလိုပေသည်။

"နောင်တော်တို့ခင်ဗျာ ဒီနန်းတော်အပါအဝင် ဖခမည်းတော်ရဲ့ စည်းစိမ်အားလုံးဟာ ဒီမင်းသားအားလုံးနဲ့ ဆိုင်ပါတယ်။ ဒီတော့ စည်းစိမ်အားလုံးကို အပုံတစ်ရာပုံပုံပြီး ကိုးဆယ့်ကိုးပုံကို နောင်တော်တို့အားလုံးကို အညီအမျှပေးရမှာပေါ့။ ပေးလည်းပေးပါ့မယ်။ နောင်တော်တို့နဲ့ စစ်မခင်းလိုပါ။ ညီနောင်သွေးချင်းတွေ ငြိမ်းချမ်းစွာ အတူတကွ ရှင်သန်ကြပါစို့… "

မေတ္တာရေအေးဖြင့် ပက်ဖျန်းလိုက်သဖြင့် ဒေါသကြီးသူတို့၏ ဒေါသလောဘမီးကား ငြိမ်းအေးသွားတော့သည်။ ဖခင်အမွေဟူသည် သားသမီးတိုင်းခံစားခွင့်ရှိသည်ဖြစ်သဖြင့် အားလုံးကိုမျှဝေပေးလိုက်သည့်အတွက်အငယ်ဆုံးသားတော်ကပင်သဘောထားကြီးပြလိုက်သည်ဖြစ်ရာ နောင်တော်များအားလုံးလည်း အလားတူသဘောထားကို ပြသကြရလေသည်။

"ညီတော်သာ ဗာရာဏသီနန်းတော်ကို ယူပါတော့။ ညီတော်နဲ့သာ ထိုက်တန်ပါပေတယ်"

နောင်တော်အားလုံးလည်း ညီတော်သံဝရမင်းသားကို ထီးနန်းအပ်နှံကာ နယ်ဘက်မြို့များသို့ ကျေကျေနပ်နပ် ပြန်သွားကြသည်ဖြစ်ရာ ဗာရာဏသီထီးနန်းကိုစိုးစံရသောမင်းတစ်ပါး ဖြစ်လာလေသည်။ ညီတော်အငယ်ဆုံး သံဝရမင်းသားသည် အခွင့်အရေးကို ရရှိအောင် ကြိုးစားရှန်းကန်မှု၊ သည်းခံမှု၊ ဖွဲသန်မှုတို့ကြောင့် အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်ခြင်းဖြစ်ပေတော့သည်။ ။

---

# ကပ္ပိနည်းငါးမျိုး




ကျွန်တော်တို့သည် ယခုအခါ ကျွန်တော်တို့နှင့် ဆက်စပ်ပတ်သက်သော 'ကပ္ပိ' ခြင်း ကိစ္စလေးကို နားလည်သဘောပေါက်ထားကြပေပြီ။

ကပ္ပိခြင်းကိစ္စသည် ဤသာသနာတော်၌ ဆရာဒကာဆက်ဆံရေးတွင် အလွန်အသုံးဝင်သော ကိစ္စမျိုးဖြစ်သည်။ ကပ္ပိရာ၌ ပါဠိလို မဆိုဘဲ မြန်မာလိုဆိုကလည်း ကပ္ပိခြင်းအမှုမှာ ပြီးသည်သာဖြစ်သည်။

ဆရာဖြစ်သော ရဟန်းက "ကပ္ပိစမ်း" ဟု ပြောသည့်အခါ ကျွန်တော်တို့က "ကပ္ပိပါ၏" ဟုဆို၍ ဆိတ်ခြင်း၊ ဖောက်ခြင်း စသည်ကို ပြုလုပ်ရပေသည်။ ဤ၌ ကပ္ပိခြင်းငါးမျိုးကို ဖော်ပြလိုသည်။ ယင်းမှာ– "လက်သည်း ၁။ မီး ၂။ ဓား ၃။ နု ၄။ ထုတ်စား ၅။ ငါးပါးကပ္ပိခြင်း" ဟူသည်နှင့်အညီ လက်သည်း သို့မဟုတ် မီး သို့မဟုတ် ဓားဟူ၍ ဤသုံးမျိုးအနက် တစ်မျိုးမျိုးနှင့် ကပ္ပိနိုင်သည်။ နုမှာ ကျွန်တော်တို့ ဆက်ကပ်သော တို့စရာ၊ အချိုအချဉ်စသည်တို့မှာ နု၍ အပင်မပေါက်နိုင်သော ပစ္စည်းမျိုးဖြစ်ပါက အလိုအလျောက် ကပ္ပိပြီးသားဖြစ်သကဲ့သို့ သရက်သီးမှည့်ကဲ့သို့အစာမျိုးမှာလည်း အစေ့ထုတ်ပြီး ကပ်ခြင်း၊ စားခြင်းပြုလုပ်နိုင်သဖြင့် အလိုလိုကပ္ပိပြီးဖြစ်သည်။

ထို့အတူ အစားအသောက်မှမဟုတ် ကျောင်းနား၊ ဘုရားနား၊ လမ်းဘေးနား စသည်၌ မြက်၊ သစ်ပင်၊ ချုံနွယ် ပိတ်ပေါင်းများရှိ၍ ရှင်းလင်းလိုသည့်အခါ "ဒါတွေ ကပ္ပိပေးစမ်း" ဟုခိုင်းပါက ကျွန်တော်တို့ကို ရှင်းလင်းခိုင်းမှန်း နားလည်ပြီး ပြုလုပ်ပေးရပေမည်။ သစ်ပင် လှဲခြင်း၊ အကိုင်း ခုတ်ခြင်း၊ ချိုင်ခြင်းကိစ္စမျိုးတွင်လည်း ဆရာရဟန်းက "ကပ္ပိပေးစမ်း" ဟူ၍ သုံးနှုန်းခိုင်းစေလိမ့်မည်။ ထိုအခါမျိုးတွင်လည်း ကျွန်တော်တို့ကိုခိုင်းမှန်း နားလည်ကာ ပြုလုပ်ဆောင်ရွက်ပေးရပေမည်။

အလားတူ ဆရာရဟန်းများအဖို့ မြေကြီးသက်သက်ကို ကိုယ်တိုင်တူးခြင်း၊ ကျွန်တော်တို့ကို "ဒီမြေကြီးတူးပေးစမ်း၊ ပေါက်ပေးစမ်း" စသည်ဖြင့် ခိုင်းခြင်းမျိုးကို မလုပ်ကောင်းကြချေ။

ထိုသို့ မြေကို ကိုယ်တိုင်ပေါက်၊ တူး၊ သူတစ်ပါးကို ပေါက်စမ်း၊ တူးစမ်း စသည်ကိုသုံး၍ခိုင်းပါက ဝိနည်းအပြစ်ရရှိလေသည်။

ထိုအခါမျိုးတွင်လည်း "ကပ္ပိခြင်း" ဝေါဟာရကို သုံး၍ ကျွန်တော်တို့ကို စေခိုင်းပေလိမ့်မည်။

"ဒကာ၊ ဒီမြေကို ကပ္ပိစမ်း၊ သိစမ်း" စသည်ဖြင့် ဝိနည်းအသုံးအနှုန်းဖြင့် ခိုင်းပေလိမ့်မည်။ ဤသို့ "ကပ္ပိစမ်း၊ သိစမ်း" ဟု ခိုင်းမှသာ ဆရာရဟန်းမှာ ဝိနည်းအပြစ်ကင်းစင်၍ လိုအပ်သောအကျိုးကိစ္စ ပြီးစီးနိုင်သည်။

ထို့ကြောင့် "ဒီမြေကို ကပ္ပိပေးပါ၊ သိပါ" ဟု သုံးနှုန်းပြောဆိုပါက ကျွန်တော်တို့က မြေပေါက်ခြင်း၊ မြေတူးခြင်းစသည့်အမှုများကိုပြု၍ ဆရာရဟန်း၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးသင့်ပေသည်။ သို့ဖြင့် ကျွန်တော်တို့ကိုးကွယ်ရာ ဆရာသခင်ဖြစ်သော ရဟန်းတော်တို့၏အကျိုးကိစ္စများကို ကျွန်တော်တို့က နားလည်သိရှိပြီး ပါဝင်ကူညီပေးပါက ဆရာရဟန်းလည်း အပြစ်လွတ်၍ အကျိုးပြီးစီး၊ ကျွန်တော်တို့မှာလည်း ကုသိုလ်ပုည ဆည်းပူးရရှိပြီး သာသနာတော် တည်တံ့ရေး၊ သန့်ရှင်းရေးကို အထောက်အကူပြုရာ ရောက်ပေသည်။ ။

---

**နေထိုင်ရေး**
**မင်္ဂလာ (၃)ပါး**

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို
ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး
မြော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ
ကမ္ဘာ့မင်္ဂလာတွေ။

ဒဂုန်ဦးထွန်းမြင့်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၂-၄-၂၀၂၃ ရက်မှအဆက်

"ဥပမာ၊ စိုက်ပျိုးရေးပဲ လုပ်တယ် ထားကြပါစို့ရဲ့။ ဒီစိုက်ပျိုးရေးကို စုပေါင်းမလုပ်ဘဲ တစ်ဦးစီပဲ လုပ်တယ်ထား။ ဒီထဲမှာ တစ်ယောက်ယောက်ဟာ အခန့်မသင့်တာကြောင့် ပျက်စီးဆုံးရှုံးသွားရင် ဒီလူဟာ တော်တော်နဲ့ နာလန်မထူနိုင်တော့ဘူး။ တကယ်လို့သာ စုပေါင်းလုပ်ရင် ရစရာရှိ အချိုးကျ ဝေပုံကျရသလို ဆုံးရှုံးစရာရှိတဲ့အခါမှာ မျှပြီးခံရတာမို့ ဘာမှ ထိခိုက်မသွားနိုင်ဘူးပေါ့။

"အဲဒီလိုပဲ ထန်းကိုလည်း စုပေါင်းလုပ်ရင် စရိတ်ကုန် သက်သာသလို ကုန်ပစ္စည်း ထန်းလျက်လည်း ပိုထွက်လာနိုင်စရာအကြောင်းရှိတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ခင်ဗျားတို့ ထန်းသမားတွေဟာ ထန်းလျက်ကို တစ်ဦးစီ ကိုယ့်ဟာကို ကျိုချက်နေတာထက် စုပေါင်းပြီးသာ ကျိုချက်မယ်ဆိုရင် ဘယ်နည်းနဲ့မဆို သက်သာမှာ အမှန်ပဲ။

ကဲ ဥပမာ ဆိုကြပါစို့။ ထန်းသမားတစ်ယောက်ဟာ တစ်နေ့မှာ ထန်းလျက်ချက်ဖို့ ထင်းဖိုးသုံးကျပ် ကုန်တယ်ပဲထား။ ဆယ်ရက်ဆိုရင် ငွေ ၃ဝ။ ထန်းသမားဆယ်ဦးစုလိုက်ရင် ငွေ ၃၀၀ ကုန်မယ်။ အဲဒီ ထန်းသမားဆယ်ဦးရဲ့ ဆယ်ရက်တွက် ငွေ ၃၀၀ ကို ထင်း အကုန်ဝယ်ပြီး ထန်းလျက်ကျိုကြည့်ပါ။ ဘယ်နည်းနဲ့မဆို ၁၀ ရက် ရှိတဲ့အခါမှာ ထင်း ၂၀၀ ဖိုးလောက်ပဲ ကုန်မယ်။ ဘာ့ကြောင့်ဆိုတော့ ထမင်းဟင်းများ ချက်တဲ့အခါမှာ တစ်ရှိန်တည်း တစ်အိုးပြီး တစ်အိုး ချက်ရရင် ထင်းကုန်သက်သာပြီး တော်တော်ကြာလို့ မီးအရှိန်သေပြီးမှ တစ်ခါမီးထိုးချက်ရတယ်ဆိုရင် ပိုပြီး ထင်းကုန်များတယ်ဆိုတာ ထမင်းဟင်းချက်တဲ့ အိမ်ရှင်မတိုင်း သိပါတယ်"

"အဲသည်ဟာတော့ ဆရာကြီးပြောတာ ဟုတ်သပဗျို့" ဟု ဘကြီးထွန်းဘော်က ဝင်ထောက်ခံလိုက်၏။

ဆရာကြီး ဦးလှဒင်ကလည်း သူ့စကားကို အရှိန်ရနေပြီဖြစ်၍ ဆက်လက်ပြောပြန်သည်။

"ဒီတော့ တစ်လသာ ထန်းလျက် ချက်မိရင် ငွေ ၃၀၀ ပိုထွက်မလာဘူးလား။ တစ်ဦးတွက်စီဆိုရင် ငွေ ၃၀၀ စီ အပိုထွက်လာနိုင်စရာ အကြောင်းရှိတယ်။ ဒီထက် ပိုထွက်ရင်သာထွက်မယ်။ လျော့တော့ မလာပါဘူး"

"ဒါနဲ့ ဆရာကြီး၊ သည်လို ကျိုချက်တဲ့အခါမှာ ကိုယ့်ဒယ်အိုး ကိုယ့်ထန်းရည်နဲ့လာပြီး ကျိုရမှာလား" ဟု ဦးထွန်းဖေက မေး၏။

"ဒီလို မဟုတ်ပါဘူး။ အားလုံး ထန်းရည်တွေကို စုပေါင်းပြီး ကျိုရမှာပါ။ စုပေါင်းတဲ့အခါမှာ အိုးခြင်နဲ့ စုပေါင်းပြီး ရောကျိုချက်ရမယ်။ တစ်ခါ ရလာတဲ့ ထန်းလျက်ကျတော့လည်း သူ့အိုးခြင်အလိုက် အချိုးကျ ပြန်ပြီး ထန်းလျက်ကို ခွဲယူရမယ်ပေါ့"

ဦးထွန်းဖေက ကျေနပ်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

"ဒီအဆင့်ဟာ ပထမအဆင့်ပါ။ ဒုတိယအဆင့်က ဘယ်လိုလဲဆိုရင် သည်လိုပဲ။ ထန်းသမားဆယ်ဦး စုပေါင်းပြီး လုပ်တယ်ပဲထား။ ထန်းသမားဆယ်ဦး ဆိုရင် မြူအိုးကောက်တဲ့လူဟာ ဆယ်ယောက်တော့ ရှိစမြဲပဲ။ ဒီမြူအိုးကောက်တဲ့ ဆယ်ယောက်ဟာ ဆယ်ယောက်လုံး မြူအိုးကောက်စရာ မလိုဘူး။ ငါးယောက်ထဲ ကောက်ရုံနဲ့ လုံလောက်တယ်။ ဒီတော့ ငါးယောက်စီပါတဲ့ အပိုင်း ၂ ပိုင်း ခွဲထားပြီးတော့ တစ်အုပ်စု၊ နှစ်အုပ်စုရယ်လို့ အမည်ပေးထားရမယ်။ တစ်အုပ်စုက မြူအိုးကောက်ရင် နှစ်အုပ်စုက ထန်းလျက်ကျိုချက်ရုံပဲ။ အဲ ထန်းလျက်လုံးစရာရှိတော့မှသာ ဆယ်ယောက်လုံး စုပေါင်းပြီး မြန်မြန်ပြီးအောင် လုံးပေးရုံပဲရှိတယ်။

"ဒီတော့ လုပ်အားသက်သာမသွားနိုင်ဘူးလား။ တစ်အုပ်စုက မြူအိုးကောက်နေချိန်မှာ နှစ်အုပ်စုက တခြား ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို လုပ်နေနိုင်သလို၊ နှစ်အုပ်စု ထန်းလျက်ကျိုချက်နေချိန်မှာလည်း တစ်အုပ်စုက အနားယူပြီး နေနိုင်တယ်။ ဒီလို မြူအိုးကောက်တာ ကျိုချက်တာဟာလည်း အလှည့်နဲ့ပေါ့။ အခုဆိုရင် တစ်ဦးတည်းထန်းတက်ရတော့ မြူအိုးကောက်တဲ့လူဟာ အင်မတန်ဆင်းရဲတယ်။ သူဟာ မြူအိုးလည်း ကောက်လိုက်ရသေးတယ်။ တစ်ခါ မြူအိုးကောက်ပြီးလို့ မောလို့မှ နားမနေနိုင်သေးဘူး။ ဆက်ပြီး မီးပူခံ ထန်းလျက်ကျိုရသေးတယ်။ ထန်းလျက်လုံးတဲ့နေရာမှာလည်း တစ်ယောက်တည်းနဲ့ မပြီးသေးဘူး။ နောက် လုပ်အားတစ်အား စုပေါင်းမှ တွင်တွင်ကျယ်ကျယ်နဲ့ ပြီးတယ်။ ကိုယ်ခွဲလက်ခွဲရှိတဲ့ အိမ်ဆိုရင် နည်းနည်းတော်သေးရဲ့။ မရှိတဲ့အိမ်ဆိုရင် အတော်ကို ကသီလင်တနိုင်တယ်ဆိုတာ ခင်ဗျားတို့ကိုယ်တွေ့ပါ"

ဤနေရာတွင် ကိုအေးဆွေနှင့် ထန်းသမားများမှာ ဆရာကြီး ဦးလှဒင်၏စကားကို စိတ်ကြိုက်တွေ့သွားသဖြင့် ခေါင်းတညိတ်ညိတ် ဖြစ်နေကြသည်။

ထိုနောက် ဆရာကြီးဦးလှဒင်သည် တတိယအဆင့်တွင် မည်သို့မည်ပုံ မည်ကဲ့သို့ မူစနစ်များဖြင့် လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း စသည်တို့ကို အသေးစိတ် ရှင်းပြသွားပြန်သည်။ ထန်းသမားများကလည်း နားမရှင်းသည့် အချက်အလက်များ၊ မသိနားမလည်သော အကြောင်းအချက်များကို ဖြတ်၍ မေးကြ၏။ ၎င်းတို့ချင်းလည်း ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည် စသည်ဖြင့် ငြင်းခုံကြ၏။ ဆရာကြီး ဦးလှဒင်ကလည်း ၎င်းတို့ သဘောပေါက်အောင် ပြန်လည် ဖြေကြား၏။ ရှင်းပြ၏။

"ကဲ ဒီလောက်ဆိုရင် ခင်ဗျားတို့လည်း စုပေါင်းထန်းလုပ်ငန်းကို အတော်အတန်တော့ သဘောပေါက်ရောပေါ့။ ဒီတော့ ခင်ဗျားတို့ တတိယအဆင့်ကပဲ တစ်ခါတည်း စလုပ်ကြမလား။ ဒါမှမဟုတ် အစမ်းသဘောနဲ့ ပထမအဆင့်လောက်ကိုပဲ စတင်လုပ်ကြည့်ကြဦးမလား။ အဲဒါ ခင်ဗျားတို့ စဉ်းစားဆုံးဖြတ်ကြပေါ့ဗျာ။ ကျွန်တော့်အနေနဲ့တော့ ဘာပဲဖြစ်ဖြစ် ဒီစုပေါင်းထန်းလုပ်ငန်းကို လုပ်စေချင်တယ်လေ။ ဘာ့ကြောင့်သည်လိုအတင်းတိုက်တွန်းနေရသလဲဆိုတော့ သည်နေ့ခေတ်ဟာ ကျေးကျွန်ခေတ်၊ အရင်းရှင်ခေတ်၊ ဓနရှင်ခေတ်၊ ထန်းပိုင်ရှင်ခေတ်၊ မြေပိုင်ရှင်ခေတ် မဟုတ်တော့ဘူး။ ကိုယ်ထူကိုယ်ထစနစ်နဲ့ အလုပ်သမားခေတ် ဖြစ်နေပြီ။ သည်နေ့ တော်လှန်ရေးအစိုးရဟာလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတဲ့ ဝါဒနဲ့ လူမှုတော်လှန်ရေးကြီးကို ဆင်နွှဲနေပြီး ခေတ်ကို အတင်းပြောင်းလဲနေပြီ။ တောင်သူလယ်သမား အလုပ်သမားတွေသာလျှင် တိုင်းပြည်ရဲ့ အရှင်သခင် ကျေးဇူးရှင်တွေပဲဆိုပြီး တိုင်းပြည်ရဲ့ရှေ့တန်းမှာ တင်နေချိန်မှာ ခင်ဗျားတို့လို အသက်နဲ့ နေ့စဉ်နေ့တိုင်း ရင်ဆိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ ထန်းသမားအလုပ်သမားတွေဟာလည်း ခေတ်နောက်ကျမကျန်ရစ်ခဲ့စေချင်ဘူး။ တခြား အလုပ်သမားတွေနည်းတူ ရှေ့တန်းမှာ ရောက်စေချင်တယ်"

ထန်းသမားများသည် ဆရာကြီးဦးလှဒင်၏ စကားဝယ် စိတ်ဝင်စားနေကြသည်။

"သည်လိုရောက်အောင် ခင်ဗျားတို့ ထန်းသမားတွေရဲ့ စည်းရုံးမှုအင်အားလိုတယ်။ ပြောင်မြောက်ထိရောက်တဲ့ တွင်တွင်ကျယ်ကျယ် ထွက်နိုင်မယ့် ထုတ်ကုန်ပစ္စည်းတွေ လိုလာတယ်။ သည်လိုထွက်လာအောင် ဘယ်လိုလုပ်ရမလဲ။ အဲ အခုနပြောခဲ့သလို စုပေါင်းထန်းလုပ်ငန်း အဖွဲ့အစည်းတွေဖွဲ့ပြီး လုပ်သွားဖို့ပဲ။ တကယ်တော့ ဒီစနစ်ဟာ ဆိုရှယ်လစ်စီးပွားရေးကုန်ထုတ်စနစ်ရဲ့ အခြေခံပဲ။ နောက်ပြီး ဒီနေရာမှာ အစိုးရကလည်း အားပေးသွားမှာပဲ။ ဘာ့ကြောင့်ဆိုတော့ မြန်မာ့ဆိုရှယ်လစ်ပန်းတိုင်ကို ချီတက်သွားတဲ့နေရာမှာ ပြည်သူပိုင်လုပ်ငန်းဟာ ပထမမဏ္ဍိုင်ဖြစ်ပြီးတော့ စုပေါင်းလုပ်ငန်းတွေဟာ ဒုတိယမဏ္ဍိုင်ဖြစ်တယ်ဆိုတာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် စာတမ်းက အတိအလင်း ဆိုထားတယ်။ ဒါကြောင့်မို့ ခင်ဗျားတို့ရဲ့ အလွန်နိမ့်ကျ ဆင်းရဲလှတဲ့ ထန်းတက်သမားများဘဝကို သည်လို စုပေါင်းလုပ်ငန်းတွေနဲ့ မြှင့်တင်မှလည်း ခင်ဗျားတို့ဘဝဟာ မြင့်တက်လာမှာပဲလို့ ကျွန်တော်တော့ အလေးအနက်ပဲ ယုံကြည်မိတယ်။ ကဲ လုပ်ဖို့ မလုပ်ဖို့သာ ခင်ဗျားတို့ စဉ်းစားကြပေါ့ဗျာ။ ကျွန်တော်တော့ ဒါပဲ နောက်ဆုံး ပြောချင်တော့တယ်"

ဆရာကြီးဦးလှဒင်သည် သူ့စကားကို ဤတွင် အဆုံးသတ်လိုက်တော့၏။ ထို့နောက် သူသည် အာခြောက်ကာ မောသွားဘိအလား လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငုံ၍ သောက်နေတော့သည်။

ထိုအခါ ကိုအေးဆွေက တစ်စခန်း ထလာပြန်သည်။

"ကိုင်း ဦးလေးတို့၊ အစ်ကိုတို့လည်း ဒီစုပေါင်းထန်းလုပ်ငန်းစနစ်တွေအကြောင်းကို အတော်လေးတော့ သဘောပေါက်ကြရောပေါ့။ ဒီအထဲမှာ သဘောကျသူလည်းရှိ မကျသူလည်း ရှိမပေါ့လေ။ ဒါပေမဲ့ တကယ်လို့သာ ဒီစုပေါင်းထန်းလုပ်ငန်းကို စိတ်တူ သဘောတူတွေချည်း စုလုပ်မယ်လို့ဆိုရင် အခု ဆရာကြီး ဦးလှဒင်က သည်လုပ်ငန်း အောင်မြင်သွားတဲ့အထိ ကျွန်တော်တို့ ထန်းသမားဘဝ မြှင့်တင်ရေးအတွက် စေတနာ့ဝန်ထမ်း အမြဲတမ်း အကြံဉာဏ်တွေ ပေးသွားပါလိမ့်မယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့မှာလည်း ထန်းတက်နေတာမို့ ကျွန်တော့်အနေနဲ့ ကာယလုပ်အား ဉာဏလုပ်အားရော ဘဝတစ်ခုလုံးပါ အားလုံးကုန် မြှုပ်နှံပြီး လုပ်သွားပါ့မယ်ဆိုတာ ကတိပြုပါတယ်။ ဦးလေးတို့သာ ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံး စံပြအဖြစ် တိုင်းပြည်က စံတင်လောက်အောင်သာ ကြိုးစားကြပါလို့ ကျွန်တော် တိုက်တွန်းပါတယ်"

ကိုအေးဆွေက စကားကိုဖြတ်ထားပြီး ထန်းသမားများအား အကဲခတ်လိုက်၏။ ပြီးမှ ဆက်လက်ကာ-

"ဒီတော့ ဦးလေးတို့၊ အစ်ကိုတို့လည်း လုပ်သင့်မလုပ်သင့်ဆိုတာကို ဒီည ပြန်ပြီး စဉ်းစားကြည့်ပါဦး။ ကိုယ့်အချင်းချင်းလည်း တိုင်ပင်ညှိနှိုင်းကြည့်ကြပါဦး။ တစ်ပတ်လောက် စဉ်းစားလိုက်ရင် အဖြေသိနိုင်ပါပြီ"

[ ၁၈ ]

"ကိုရင်ဟောဒီမှာ စာ။ အမေ ကျောက်ပန်းတောင်းသွားလို့ ဆရာကြီးဦးလှဒင်က ပေးလိုက်တာတဲ့"

တဲအတွင်းသို့ ခေါ်ခေါ်ပြောပြောနှင့် ဝင်လာနေသော ထွေးရီအသံကို ကြားရသဖြင့် ကိုအေးဆွေသည် စာရင်းအင်းရေးမှတ်နေရာမှ လှည့်ကြည့်လိုက်မိသည်။ ထွေးရီသည် စာအိတ်ပြာပြာလေးကိုင်ရင်း အနားသို့ ရောက်လာသည်။

ကိုအေးဆွေသည် အပြာနုရောင် စာအိတ်ကလေး မြင်ရကတည်းက ဆရာကြီးဦးလှဒင်ထံမှတစ်ဆင့် ခင်သန်းဌေးဆီမှ လာသောစာဖြစ်ကြောင်း ရုတ်ခြည်းသိလိုက်ကာ ဝမ်းသာကြည်နူးသွားသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ကိုရင် ဟောဒီမှာ စာ။ အမေ ကျောက်ပန်းတောင်းသွားလို့ ဆရာကြီးဦးလှဒင်က ပေးလိုက်တာတဲ့"**
**တဲအတွင်းသို့ ခေါ်ခေါ်ပြောပြောနှင့် ဝင်လာနေသော ထွေးရီအသံကို ကြားရသဖြင့် ကိုအေးဆွေသည် စာရင်းအင်းရေးမှတ်နေရာမှ လှည့်ကြည့်လိုက်မိသည်။ ထွေးရီသည် စာအိတ်ပြာပြာလေးကိုင်ရင်း အနားသို့ရောက်လာသည်။ ကိုအေးဆွေသည် အပြာနုရောင်စာအိတ်ကလေး မြင်ရကတည်းက ဆရာကြီးဦးလှဒင်ထံမှတစ်ဆင့် ခင်သန်းဌေးဆီမှလာသောစာဖြစ်ကြောင်း ရုတ်ခြည်းသိလိုက်ကာ . . .**

## "ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ"

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ ဩဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ခုနှစ်၊ မေလ (၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်းပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

**✻ လီဗာပူးအသင်းမှ**

လီဗာပူး အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဂတ်ပိုကတော့ အခုပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့လို့ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့တဲ့ ဇန်နဝါရီ အပြောင်းအရွှေ့ ကာလနောက်ပိုင်း လီဗာပူးအသင်းအတွက် ငါးဂိုးမြောက် သွင်းဂိုးလည်း ဖြစ်လာခဲ့ပါတယ်။

လီဗာပူး အသင်းဟာ လိဒ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့လို့ ပွဲစဉ် ၃၀ ကစားပြီးချိန်မှာ ၄၇ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၈) နေရာမှာ ရပ်တည်နေပြီး လိဒ်ယူနိုက်တက် အသင်းကတော့ ၃၁ ပွဲမှာ ၂၉ မှတ်သာရရှိခဲ့လို့ အဆင့် (၁၆) နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ **ငွေကြယ်**




### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV–HD)မှ အများပြည်သူ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ ( ၂၁–၄–၂၀၂၃) ရက် (သောကြာနေ့)ညတွင် MRTV သံစုံတီးဝိုင်းနှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များ စုပေါင်း၍ Live Show တေးသီချင်းဖျော်ဖြေမှုအစီအစဉ်ကို **"ပေရယ်"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါ တေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၂၁–၄–၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ကြည်ဖြူပါတော့ | ပြင်ပအဆိုရှင် |
| ၂။ | ခွင့်လွှတ်ပေးဖို့တောင်းပန်ချင် | ပြင်ပအဆိုရှင် |
| ၃။ | နွေ | ပြင်ပအဆိုရှင် |
| ၄။ | ရွှေပင်လယ် | ဌာနအဆိုရှင် |
| ၅။ | ဆည်းဆာ | ဌာနအဆိုရှင် |
| ၆။ | လှေကလေး | ဌာနအဆိုရှင် |
| ၇။ | နွေဦးကံ့ကော် | ဌာနအဆိုရှင် |
| ၈။ | ပေရယ် | ပြင်ပအဆိုရှင် |
| ၉။ | နွေဦး | ဌာနအဆိုရှင် |
| ၁၀။ | မှုန်ရွှေရည် | ဌာနအဆိုရှင် |

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ပဲလွှမ်းစိုက်ဧက ၁၅၈၀ ရိတ်သိမ်းခြွေလှေ့ပြီးစီး

**ပွင့်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် စားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် တစ်မြို့နယ်လုံး ပဲလွှမ်းသီးနှံစိုက်ဧက ၃၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့အထိ ပဲလွှမ်းသီးနှံစိုက်ဧက ၁၅၈၀ ရိတ်သိမ်းခြွေလှေ့ ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပဲလွှမ်းသီးနှံဧက ၃၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး မြေပြင်စိုက်ပျိုးပြီးစီးဧက ၃၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့၍ သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဆောင်းသီးနှံ ပဲလွှမ်း စိုက်ခင်းများမှာ ပြန်လည်ရိတ်သိမ်း ခြွေလှေ့ချိန် ရောက်ရှိလာပြီဖြစ်၍



ဒေသခံတောင်သူများက နွေစပါးနှင့် အခြား နွေသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့လျက်ရှိသည်။

**ဝင်ငွေအကျိုးအမြတ်ရရှိ**

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ဒေသတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ ရည်ရွယ်ပြီး ပဲလွှမ်းသီးနှံစိုက်ပျိုးရေးကို တစ်မြို့နယ်လုံး ၃၃၈၈ ဧကစိုက်ပျိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယနေ့အထိ ရိတ်သိမ်းခြွေလှေ့ပြီးစီးတဲ့ စိုက်ဧက ၁၅၈၀ ရှိပြီဖြစ်ကာ သီးနှံအထွက်နှုန်းက တစ်ဧကကို ၁၄ ဒသမ ၉၈ တင်းခန့် ထွက်ရှိပါတယ်။ ပဲလွှမ်းသီးနှံ ရိတ်သိမ်းခြွေလှေ့ရာမှာ သီးနှံလေလွင့်ဆုံးရှုံးမှု မဖြစ်စေရေး ဒေသခံတောင်သူတွေကို သီးနှံရိတ်သိမ်းခြွေလှေ့နည်းစနစ်တွေကို သိရှိစေဖို့ အသိပညာပေးခြင်းတွေ အချိန်မီ ဆောင်ရွက်ပေးထားပါတယ်။ နောက်ပြီး ယခုနှစ်မှာ ပဲလွှမ်းသီးနှံဟာ ဈေးကောင်းလည်းရရှိလို့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ပဲလွှမ်းသီးနှံစိုက်ပျိုးရေးကို အားထားလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဘွဲ့နှင်းသဘင်ခမ္မာရုံမျက်နှာကြက် အသစ်လဲလှယ်ခြင်းနှင့် မီးကြိုးများ ပြန်လည်တပ်ဆင်ခြင်း၊ အမိုးအသစ်လဲလှယ်ခြင်းနှင့် အတွင်း/အပြင် ဆေးသုတ်ခြင်းလုပ်ငန်း(၁၇၀'x၉၀')ကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် | - | ၁၉-၄-၂၀၂၃ ရက်နေ့မှ ၂-၅-၂၀၂၃ ရက်နေ့အထိ ၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီထိ |
| တင်ဒါလျှောက်လွှာ တင်သွင်း/ဖွင့်ဖောက်ရမည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |
| တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ လေးထပ်ဆောင်ရုံး၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |
| တင်ဒါတင်သွင်း/ဖွင့်မည့်နေရာ | - | သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သုံးထပ်ဆောင်ရုံး၊အစည်းအဝေးခန်းမ၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။ |

၂။ အသေးစိတ်သိရှိလိုပါက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)၊ (ဖုန်း-၀၆၇-၄၀၆၄၇၂)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ (ဖုန်း-၀၁-၆၆၄၃၉၅)၊ ၀၁-၆၆၂၁၄၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၃)၊ မျက်နှာမူလျှင်(ဝဲ) မြေညီထပ်နှင့်ထပ်ခိုးအပါ၊ ၁၂⅟ပေx၅၀ပေx၁၇ပေ ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော ရေ၊ မီးအစုံ အကျိုးခံစားခွင့်ရှိသူ ဦးဇင်မင်းထွန်း [၁၂/သဃက(နိုင်)၁၇၁၈၃၃]မှ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချရာ ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်၍ ပိုင်ဆိုင်ပါသည်ဟု ဆိုချင်သူများ ပိုင်ဆိုင်မှုမူရင်းများနှင့်တကွ ဤကြော်ငြာပါ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အပြီးအပိုင်ဆက်လက်ဝယ်ယူသွားပါမည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၆၇)**
**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၅၄၁၇၀၆၁**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်မိုးညိုလမ်း၊ အကွက်အမည်-ဗိုလ်ချုပ်ရေနံစက်ကွင်း၊ ဦးပိုင်အမှတ်(၄/၁၀၈)၊ မြေကွက်အမှတ်(၁၅/ခ)၊ ဧရိယာ (၀.၀၅၅)ဧက (၄၀x၆၀)ပေရှိ မြေကွက်သည် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းဟံ[၁၂/သလန(နိုင်)၀၁၃၆၇၆] (TTE-107510)က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ် ရရှိခဲ့သော (၁၀)နှစ် ဂရန်မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်အား ကျွန်ုပ်၏အမှုသည်ဖြစ်သူက ယနေ့တိုင် လက်ဝယ်ထားပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းတို့ မရှိပါ။

သို့ပါ၍ ကျွန်ုပ်၏အမှုသည် ဦးသိန်းဟံအမည်ပေါက်ပိုင်ဆိုင်သော အထက်ဖော်ပြပါ မြေကွက်အား ကျူးကျော်ဝင်ရောက်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးအောင်မြင့်(LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ(၁၉)လမ်း(အနောက်)၊ (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၀၃၀၂**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၄၃)၊ ၄လွှာ(ခြေရင်းခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂ပေခွဲx၅၀)ပေရှိတိုက်ခန်းအား လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်ဦး [၁၂/လသန(နိုင်)၀၀၁၀၃၅]ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှ စ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇာလက်ထန်**
**[၁၂/ဗတထ(နိုင်) ၀၁၉၇၆၉]**
**အမှတ်(၁၅)၊ ဦးဝိစ္စာလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးထက်ဦး [၁/မညန(နိုင်)၁၇၉၅၉၂]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း- ၀၉-၉၈၆၂၃၅၆၉၃**

သစ်
တောနဲ့
သစ်ပင်
ချစ်
ခင်
တွဲ
လူ
မျိုး
သစ်
ပင်
ကို
နှစ်
စဉ်
စိုက်
ရွှေ
တိုက်
ကိုစိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့်ဆရာအတတ်ပညာဦးစီးဌာနတို့တွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝယ်ယူရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁၈-၄-၂၀၂၃) ရက်နေ့မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို(၂၂-၅-၂၀၂၃) ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကိုတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာနဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/8824, 1P/4723, 1P/4718, 1P/4717 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည် ဒေါ်သီတာထွဋ် [၁၂/မဂတ(နိုင်)၀၂၈၆၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ဒေါ်သီတာထွဋ်သည် ဦးသိဂ်ါအောင် [၁၂/မဂတ(နိုင်)၀၀၀၆၀၂]နှင့် လွန်ခဲ့သော ၂၀၁၁ ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကာ သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးသိဂ်ါအောင်နှင့် ဒေါ်သီတာထွဋ်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။

ယခုအခါ ဦးသိဂ်ါအောင်နှင့် ဒေါ်သီတာထွဋ်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများနှင့် လူကြီးများစုံရာရှေ့၌ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ဦးသိဂ်ါအောင်နှင့် ဒေါ်သီတာထွဋ်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၃၆)**
**ဖုန်း- ၀၉-၄၃၀၇၁၁၄၉**

## အများသိစေရန် ကြော်ငြာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမောင်သိန်း (ခ) မာမက်အီလီယာစ် (၁၂/မရက (နိုင်) ၁၃၀၈၀၁) ငွေကြေးဖြင့် ဝယ်ယူပြီး လက်ရှိနေထိုင်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး (အရှေ့ရပ်ကွက်)၊ ၉၃ လမ်း၊ အမှတ် (၁၁၁)၊ ၄ လွှာ တိုက်ခန်းနှင့် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းကုလားကျောင်းရှိ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)၊ အကြီးစားစက်မှုလုပ်ငန်းအမှတ်-၁၊ အထည်စက်ရုံခွဲ (မရမ်းကုန်း) မှ ဆောက်လုပ်ထားသော ရုံ (၈)၊ အခန်း (၆) ဆိုင်ခန်းတို့၏ စာရွက်စာတမ်း (မူရင်း)၊ အိမ်ထောင်စုစာရင်း (မူရင်း)၊ ရွှေ ငွေတို့ကို နေအိမ်ဗီရိုအတွင်း လုံခြုံစွာသော့ခတ်သိမ်းဆည်းပြီး နေအိမ်တံခါးသော့ခတ်၍ (၉-၁၁-၂၀၂၂) နေ့၌ အလုပ်သွားစဉ် ပျောက်ဆုံးသွားပါသဖြင့် အထက်ပါပစ္စည်းများအား ရယူသွားကြသူများ၊ လက်ဝယ်ကိုင်ဆောင်ထားကြသူများမှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ပြန်လည်ပေးအပ်ရန်နှင့် ထိုသို့ပေးအပ်ခြင်းမရှိပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လင်းလင်းရွှေဇင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၆၈/၂၀၁၃)
အမှတ် (၂၂)၊ ရေကူးဘူတာရုံလမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09-254897472

## အများသိစေရန် ကြော်ငြာချက်

